# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၄၄)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ၅-၈-၂၀၂၄၊ တနင်္လာနေ့ ။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ညောင်ဦးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ကြည့်ရှုစစ်ဆေး ညောင်ဦးခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သည် ယမန်နေ့ ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ ညောင်ဦးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိစစ်ဆေးသည်။

### ကြပ်မတ်စစ်ဆေး

ဦးစွာ အစည်းအဝေးခန်းမ၌ ခရိုင်ဦးစီးမှူးက ညောင်ဦးခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းများအခြေအနေ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်၊ ထို့ပြင် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို သိရှိအောင်ဆောင်ရွက်ပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပံ့ပိုးကူညီပေးရန်၊ ခရိုင်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် စက်မှုကဏ္ဍမှ ပါဝင်မှု အခြေအနေများကို သုံးသပ်မြှင့်တင်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ယနေ့ နံနက်ပိုင်းတွင် ညောင်ဦးခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ညောင်ဦးခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ညောင်ဦးမြို့ရှိ ထွန်း ယွန်းထည်လုပ်ငန်းအား ကြည့်ရှုအားပေးစဉ်။

### အောင်မြင်စွာဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ညောင်ဦးခရိုင်အတွင်း၌ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း စုစုပေါင်း ၃၅၅ ခုရှိပြီး MSME လုပ်ငန်းများ အနေဖြင့် ၄၀၂ ခုရှိသည်ကို တွေ့ရှိရကြောင်း၊ ညောင်ဦးခရိုင်အနေဖြင့် ပုန်းရည်ကြီးနှင့် ယွန်းထည်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product-OROP) အစီအစဉ်တွင် ပါဝင်ထည့်သွင်းထားသည်ကို တွေ့ရှိရကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီး MSME အေဂျင်စီနှင့် ပူးပေါင်းပြီး ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံနှင့် လက်တွေ့ဆောင်ရွက်မည့် အစီအစဉ်များဖြင့် ချိတ်ဆက်၍ အောင်မြင်စွာ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

ယခုအခါ MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ လုပ်ငန်းရှင်များကို ချေးငွေများထုတ်ပေးနိုင်ရန် စီစဉ်လျက်ရှိပြီး ချေးငွေအဆိုပြုလွှာများ လျှောက်ထားနိုင်ရေးနှင့် စပ်လျဉ်း၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နှင့် မတ် ၃၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာထားပြီးဖြစ်ကြောင်း၊ MSME များ၏ သတင်းအချက်အလက်များရရှိနိုင်ရေး၊ MSME မှတ်ပုံတင်လျှောက်ထားနိုင်ရေးတို့ကို Online ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး အတွက် MSME Web Portal ကို တည်ထောင်ထားရှိပြီး ASEAN Access Web Portal နှင့်ပါ ချိတ်ဆက်၍ MSME လုပ်ငန်းရှင်များ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုများ တိုးတက်လာစေရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်ကုန်တွင် MSME လုပ်ငန်းကော်မတီမှ ဦးစီး၍ ဒေသအသီးသီးရှိ MSME ထုတ်ကုန် ပြပွဲပြိုင်ပွဲကို နေပြည်တော်တွင် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ ❁

## နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၄ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ တနင်္လာနေ့။

## မေတ္တာတရားပွားများရမည့် ဝါခေါင်လ

မြန်မာ့ဆယ့်နှစ်လရာသီတွင် ဝါခေါင်လသည် ပဉ္စမမြောက်လဖြစ်သည်။ ဝါခေါင်လကို ရေးကန်ကာလဟုခေါ်သည်။ ဝါကပ်ခြင်း၏ အလယ်လဟု အဓိပ္ပာယ်ရသည်။ ရဟန်းသံဃာတော်များ ကျောင်းတိုက်များ၌ သီတင်းသုံးသည် (ဝါ)ဝါဆိုသည်မှာ မိုးဥတုဖြစ်သည်။ တောင်သူလယ်သမားများ အားသွန်ခွန်စိုက် လယ်ထဲဆင်းချိန်ဖြစ်သဖြင့် လယ်လုပ်ချိန်၊ လယ်ထွန်ချိန်လဟု အဓိပ္ပာယ်ဖွင့်ကြသေးသည်။ ဤလတွင် သရဝဏ်နက္ခတ်ထွန်းသည်။ ဓနသိဒ္ဓိ နက္ခတ်ဟုလည်းခေါ်သည်။ တာရာမှာ ဇျိုင်းတာရာဖြစ်သည်။ ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်၏။ ရာသီပန်းမှာ "ခတ္တာငုံပန်းနှစ်ဆင့်ငယ်နှင့် လှမ်းလင့်လို့ရှာအဝင်"ဟု လယ်သူမများအလှကို စာဆိုဦးကြီးက ဖွဲ့ဆိုထားသော ကဗျာလာခတ္တာပန်းဖြစ်သည်။ ရာသီပွဲတော်ကား "သကြိန်တာကူးနှစ်ဦးညောင်ရေ စာပလွေခင်း ပဋ္ဌာန်းတော်ခံ စာရေးတံ"ဟု ဖွဲ့သော စာရေးတံမဲနှင့် ဆွမ်းလောင်းပွဲဖြစ်သည်။ ဝါခေါင်လပြည့်နေ့တွင် ရဟန်းသံဃာတို့ကို ရည်မှန်း၍ စာရေးတံပွဲအပါအဝင် ကုသိုလ်အပေါင်းစုတို့ကို နိုင်ငံတစ်ဝန်းပြုလုပ်ကြသည်။

မြတ်စွာဘုရားရှင်လက်ထက်ကပင် အိန္ဒိယနိုင်ငံမှ စတင်ပေါ်ပေါက်ခဲ့သော အလှူလည်းဖြစ်သည်။ ဘုရားရှင်၏ ခွင့်ပြုချက်အရ ဆွမ်း၊ ကွမ်းစီစဉ်သူ ရဟန်းတစ်ပါးကို ရွေးချယ်တင်မြှောက်ကြရသည်။ ဆွမ်းညွှန်းရဟန်းသည် စာရေးတံဆွမ်းကိစ္စကို ဆောင်ရွက်ရာ၌ ဒကာ၏ စာရေးတံဆွမ်းအမည်ရေးထားသော သစ်သားနှစ်ဖြင့် ပြုလုပ်ထားသည့် အတံကိုဖြစ်စေ၊ ဝါးခြမ်းပြား၊ နှီးပြား၊ ထန်းရွက်၊ ပေရွက် စသည်တို့ကိုဖြစ်စေ မဲအဖြစ်အသုံးပြုရသည်။ ထိုစာရေးတံမဲများကို ခြင်းတောင်း၌ ထည့်မွှေပြီး စာရေးတံမဲနှိုက်ယူရသည်။ စာရေးတံမဲကျပြီးသော ရဟန်းသံဃာတို့သည် စာရေးတံမဲကျသည့် အိမ်သို့ ဒကာ၏ ပင့်လျှောက်ချက်အရ အသီးသီး ဆွမ်းစားကြွရသည်။

ဝါခေါင်လ၏ ထူးခြားချက်မှာ မြတ်စွာဘုရားရှင်သည် မေတ္တာသုတ်တော်ကို ဟောကြားခဲ့ခြင်းဖြစ်သည်။ အေးမြကြည်လင်သော မေတ္တာတရား၏ အနှစ်သာရကို ဝါခေါင်လတွင် စတင်ဟောကြားခဲ့သောကြောင့် ဝါခေါင်လသည် ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသောလဖြစ်သည်။ ဝါခေါင်လသည် မေတ္တာမိုးရေ ဖြိုးစွေသောလလည်း ဖြစ်သည်။ "အမျှတဲ့ သုံးကြိမ်ဝေ၊ သွန်းတဲ့ညောင်ရေ၊ မာပါစေ ကမ္ဘာသား၊ အောက်ထက်နံလျား"ဆိုသည့်အတိုင်း မေတ္တာပွားသောလလည်းဖြစ်သည်။ ဝါခေါင်လသည် ထူးခြားမှုများရှိ၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟု ဗုဒ္ဓဘာသာဝင်တို့က ဝိသေသပြုခြင်းလည်းဖြစ်သည်။ လများ၏ တန်ဆောင် ဝါခေါင်လသည် ဘာသာ၊ သာသနာကို အထောက်အပံ့ပြုပေးသောလလည်း ဖြစ်ပြန်သည်။

သို့ဖြစ်ရာ ဝါခေါင်လ၏ ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းပြီး တစ်ဦးအပေါ်တစ်ဦး မေတ္တာတရားပွားများကြရမည်ဖြစ်ပြီး မေတ္တာဓာတ်သည် အေးမြခြင်းကိုဖြစ်စေသဖြင့် ကြုံတွေ့နေရသော ပူလောင်မှုဘေးဒုက္ခများမှ ကင်းဝေးစေနိုင်သည်။ မေတ္တာခြုံလွှင်လုံ၊ မေတ္တာလွှမ်းလျှင် အေးချမ်းသည်ဖြစ်၍ မေတ္တာတရားကို ပွားများကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။



## (၁၉၂)ကြိမ်မြောက် ဆွမ်းလောင်းလှူ

မန္တလေး ဩဂုတ် ၄

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း ၆၀ နှင့် ၂၈(B)လမ်းထောင့် မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာအရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၁၉၂)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင် လူငယ်မောင်မယ်များက မန္တလေးအရှေ့ပြင်ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း ၄၃ ကျောင်းသို့ ကိုဗစ်ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ အရဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

(၁၉၂)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလုံဝန်မင်းကျောင်း ဆရာတော် အရှင်ဟိတနန္ဒ၊ ဆရာမကြီး ဒေါ်နှင်းနှင်းမော်(ညီမ) ဆရာမကြီး ဒေါ်နုနုရီ(CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့် (စတီးဆိုင် ၂၆ လမ်း) မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ) မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင် မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည် (ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး (သွားနှင့် ခံတွင်းဆေးခန်း) မိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင် မိသားစု၊ ဖခင်ကြီး ဦးကိုအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ၊ အေးချမ်းအောင်မြင့် ရဲမွန် တောင်ကျောင်းဆရာတော်တို့က မတည်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ဆောင်ရွက်

ရေနံချောင်း ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုကာကွယ်နိုင်ရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက ရေနံချောင်း မြို့မဈေးကြီး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့မဈေးရှိ ဈေးရောင်း၊ ဈေးဝယ်သူအနေဖြင့် စားသုံးကုန်များ ရောင်းချ၊ ဝယ်ယူရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်သည့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချပြီး ပလတ်စတစ်အစား စက္ကူ၊ ငှက်ပျောဖက်၊ အင်ဖက်များကို အစားထိုးသုံးစွဲကြစေရန် အသိပညာပေး ပြောကြားသည်။

ထို့နောက် ဈေးရောင်း၊ ဈေးဝယ်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၇၂)**



## ကျွန်းလှမြို့တွင် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ ကျင်းပ

စစ်ကိုင်း ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျွန်းလှမြို့အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အဖွင့်အမှာစကားအားလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူး ဦးဖြိုးလျှံမြတ်က နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် ကိုင်ဆောင်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များအား လည်းကောင်း အသီးသီး ပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများအား တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။



အဆိုပါ အခမ်းအနားသို့ ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးဌာနမှူး ဦးဖြိုးလျှံမြတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်းကျောင်း (ကျွန်းလှမြို့)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)(၀၅၇)**

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း



နေပြည်တော် ဩဂုတ် ၄

စွန့်လွှတ်စွန့်စားလိုသည့်စိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းမြေသို့ ပေးပို့နိုင်ရေး စိတ်အားထက်သန်စွာဖြင့် စုပေါင်းပြင်ဆင် ထုပ်ပိုးဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လက်ဖက်အကြော်စုံဘူး ၅၀၀ ၊ ခေါက်ဆွဲခြောက်ငါးထုပ်တွဲ ၅၀၀၊ နန်းမြိုင်ကော်ဖီအထုပ် ၃၀ ပါအထုပ်ကြီး ၅၀၀၊ တီးမစ် ၃၀ ပါအထုပ် ၂၅၀၊ ငါးတန်အချိုပေါင်း ၂၀၀ ဂရမ် ၁၀၅ ဘူး၊ ပဲထောပတ် ၂၀၀ ဂရမ် ၁၇၄ ဘူး၊ ငါးပိကြော် ၂၀၀ ဂရမ် ၁၆၈ ဘူး၊ ကြက်အာလူး ၂၀၀ ဂရမ် ၈၃ ဘူး ၊ ငါးနီတူခြောက်ကြော် ၁၂၂ ဘူး၊ အာပြဲခြောက်ကြော်ဘူး ၁၅၀၊ ဂျုံးမြစ်/ပဲပုပ်/မြေပဲကြော် ၃၂ ဘူး ၊ ငံပြာရည်ကြော် ၁၆၆ ဘူး စုစုပေါင်း အစားအသောက် ၁၂ မျိုးကို ပေးပို့လှူဒါန်းခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းစစ်မြေပြင်တွင် ရဲရင့်စွာဖြင့် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများအတွက် စိတ်ဓာတ်ခွန်အား ၊ နီးကြားတက်ကြွစေရန်ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းပါစေ၊ တရားသော စစ်အောင်မြင်ပါစေ အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာ ၁၂ မျိုးအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၀၀၂၅၀၀ ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စားသောက်ဖွယ်ရာများ လှူဒါန်း

မကွေး ဩဂုတ် ၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဝန်ကြီးဌာနမိသားစုဝင်များ၊ တိုင်းဒေသကြီးအသီးသီးရှိ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ် ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူခြောက်ကြော်၊ အသားတုနှင့် ငရုတ်သီးခြောက်ကြော်များအပြင် ပဲကြော်၊ မြေပဲဆားလှော်၊ ပုံးရည်ကြီး၊ အသင့်စားခေါက်ဆွဲထုပ်၊ စူပါကော်ဖီမစ်၊ ဆေးပေါ့လိပ်များနှင့်အတူ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများက "တရားသောစစ် အမြန်ဆုံးအောင်မြင်ပါစေ၊ တပ်မတော်သားများရဲ့အောင်မြင်မှု၊ ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ ပြည်သူတွေ အများကြီးရှိနေပါတယ်၊ အန္တရာယ်ရန်စွယ်အမျိုးမျိုးကို ဖြတ်ကျော်ကာ တိုင်းပြည်အတွက် အသက်ပေးတိုက်ပွဲဝင်နေသည့်အတွက် များစွာကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ တိုက်ပွဲတိုင်းကို အောင်နိုင်ပြီး ပြုံးပန်းဆင်ကာ ပြန်လာမည့်နေ့ကို စောင့်ကြိုနေကြောင်း" စသည့် ဆုတောင်း မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြသည်။



ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းဟေဝန်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦးနှင့် မကွေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများက အသီးသီး လက်ခံရယူခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ စားသောက်ဖွယ်ရာများ လှူဒါန်းပေးအပ်ရန် ပြင်ဆင်ဆောင်ရွက်နေ

လွိုင်ကော် ဩဂုတ် ၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် တပျော်တပါး စုပေါင်းချက်ပြုတ်ကြော်လှော်ခြင်း၊ ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ကယားပြည်နယ် ဝန်ကြီးချုပ်ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။



ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက နိုင်ငံတော်ကာကွယ်ရေး၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ တိုက်ပွဲဝင်နေကြသည့်ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကော်ဖီ၊ ခေါက်ဆွဲခြောက်၊ လက်ဖက်အကြော်စုံ၊ ချဉ်ပေါင်ထမင်းနယ်၊ ငါးနီတူ၊ ပုစွန်ငါးပိချက်၊ သရက်သီးသနပ်၊ အာဖြဲခြောက်ကြော်၊ ကိတ်ခြောက်၊ ဆေးပေါ့လိပ်၊ ချိုချဉ် စသည့် စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့်အတူ "တရားသောစစ်အမြန်ဆုံးအောင်မြင်ပါစေ။ တပ်မတော်သားများရဲ့ အောင်မြင်မှု ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ပြည်သူတွေ အများကြီးရှိပါတယ်။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ။ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ" စသည့် ဆုတောင်း မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၂၀၈၈၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်များကို ပေးအပ်လှူဒါန်းခဲ့ရာ ရှေ့တန်းရောက် တပ်မတော်သားများကိုယ်စား ဒေသကွပ်ကဲရေးမှူးက လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ကိုယ်စား ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က လည်းကောင်း အသီးသီး လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် အကျဉ်းဦးစီးဌာနသို့ သွားရောက်၍ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိလာအောင် သစ္စာရှိရှိရဲရဲဝံ့ဝံ့ဖြင့် တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာန ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် စားသောက်ဖွယ်ရာများအား တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းမိသားစုများအတွက် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် အကျဉ်းဦးစီးဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကြံခင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

ကြံခင်း ဩဂုတ် ၄

နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကြံခင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ (ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) က စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက် ထုပ်ပိုးနေမှုများကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ပြုလုပ်သည်။



## လှည့်လည်ကြည့်ရှု

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကောင်မတီ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူခြောက်ကြော်ထုပ် ၅၀၊ ငံပြာရည်ကြော်ထုပ် ၁၀၀၊ ငါးပိကြော်ထုပ် ၁၀၀ စုစုပေါင်း အမယ်သုံးမျိုးအား တစ်ထုပ်လျှင် ၁၀ ကျပ်သားစီ အထုပ် ၂၅၀ကို တပျော်တပါး ပူးပေါင်းထုပ်ပိုးပြင်ဆင်ပြီးပေးပို့ လှူဒါန်းသွားမည့်အပြင် ရှေ့တန်းရောက်တပ်မတော်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိပြီး အနန္တောအနန္တငါးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကြောင့် ဘေးအန္တရာယ်ကင်းရှင်းကြပါစေ၊ အစစအရာရာ အဆင်ပြေချောမွေ့ကြပါစေ၊ "တရားသောစစ်အောင်မြင်ပါစေ" အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုပါ ထည့်သွင်းပေးပို့သွားမည်ဖြစ်ရာ ၎င်းဆောင်ရွက်နေမှုများအား မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

အဆိုပါ စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

❁ ရှေ့ဖုံးမှ

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို တင်ပြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့ရှိ မြင်းပျံပုန်းရည်ကြီးလုပ်ငန်း၊ ရွှေမိသားစု ဆီစက်လုပ်ငန်း၊ ဦးဘငြိမ်း၏ ယွန်းထည်လုပ်ငန်း၊ ထွန်းယွန်းထည်လုပ်ငန်းနှင့် ကျောက်ပန်းတောင်းမြို့ရှိ စံကီးအာလူးကြော်နှင့် ပဲကြော်လုပ်ငန်း၊ ဇမ္ဗူအေးဆီစက်လုပ်ငန်းများကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၀-၀-၀-၀-၀

# ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**မိတ္ထီလာ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ဆည်ကုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ် ဆောင်ရွက်နေမှု အခြေအနေများအား ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မိုးလွင်၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်း၊ ခရိုင်နှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာများမှ ဆည်ကုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းတွင် မြေသားအလွှာတင်ခြင်း ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးမှ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

မိတ္ထီလာမြို့နယ်၊ ဆည်ကုန်းကျေးရွာ၌ အရှည် (၀/၆ ဒသမ ၈၂)မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ မြေသားအလွှာခင်း၍ ရိုစာကျင်းမြေခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၆၅ ဒသမ ၁၅ သန်းနှင့် အဆိုပါကုန်ထုတ်လမ်း ပေါ်ရှိ Slab Culvert ၃'x၁၈'x၃'(၁)စင်း ခွင့်ပြုရန်ပုံငွေ ၄ ဒသမ ၅ ကျပ်သန်း စုစုပေါင်းခွင့်ပြုရန်ပုံငွေ ၆၉ ဒသမ ၆၅ ကျပ်သန်းဖြင့် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုနှစ် မေ စတုတ္ထအပတ်မှစ၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုမှာ ၄၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာကုန်ထုတ်လမ်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဆည်ကုန်းကျေးရွာနှင့် အနီးရှိ မွေကျေးရွာ၊ ဥယျာဉ် ကျေးရွာများမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧက ၃၀၀ ခန့်နှင့် မွေးမြူရေးလုပ်ငန်း၊ အခြားထုတ်ကုန်၊ ထွက်ကုန်များအား ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ အချိန်မီရောက်ရှိနိုင်မည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

**(၄၆၉)**



**မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား ဘက်စုံပြုပြင်ရန်အတွက် နန်းတော်ရှေ့ ဒေါနဘွား၊ အကွက်(၇)ဒွါလောင်းရပ်နေ ကွယ်လွန်သူ ဖခင်ကြီး ဦးထွန်းလှ(ပစ်တိုင်းထောင်ဆံသ)+မိခင်ကြီး ဒေါ်သိန်းကြွယ်တို့အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီးများက အလှူငွေကျပ်(၁၀)သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့မှ လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကဆ)**

# လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကံမ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် သစ်မယ်ဇီကျေးရွာအုပ်စု ဒါန်းကိုင်းကျေးရွာအနီး ကံမ-ပြည်လမ်းတစ်လျှောက် မိုင်တိုင်အမှတ် (၄/၆)မှ (၅/၀)အကြားနှင့် မြို့ဝင်ဖြတ်လမ်း မိုင်တိုင်အမှတ် (၀/၀)မှ (၂/၄)အကြားတို့တွင် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇ နာရီက ကျင်းပဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းအမှုထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများ စုစုပေါင်း ၃၃၁ ဦးတို့က ကျွန်းပင်(၅၀၀)၊ ပျဉ်းကတိုး(၂၀၀)နှင့် တမာပင်(၈၀၀)စုစုပေါင်း ပျိုးပင်(၁၅၀၀)အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ကျော်ဇေယျဝင်း(ကံမ)**

**၀-၀-၀-၀-၀**



# ပဲတီစိမ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၊ တောင်သူများ အဆင်ပြေ

**ကျောက်ဆည် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပဲတီစိမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချရာတွင်ဈေးကောင်းရရှိသဖြင့် ပဲတီစိမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ပဲတီစိမ်းသီးနှံများ စိုက်ပျိုးရာတွင် အထွက်တိုးပွားစေရန်အတွက် ဒေသနှင့် ကိုက်ညီပြီး အပင် ပေါက်နှုန်း (၇၅-၈၅) ရှိသည့် ရေဆင်း(၁၁)နှင့် ရေဆင်း(၁၄)ပဲတီမျိုးများကို တစ်ဧကအပင်အရေအတွက်(၁၃၀၀၀)ပင်ရရှိရေး ပဲမျိုး(၆)ပြည်မှ(၈)ပြည်အထိအသုံးပြု၍ ပင်ကြား၊ တန်းကြား (၁၂x၄)လက်မခြား၍ စိုက်ပျိုးကြကြောင်းနှင့် မြေပြုပြင်ရာ၌ နွားချေးမြေဩဇာ(၁၀၀-၁၅၀)တင်းနှင့် အထွက်နှုန်း ပိုမိုရရှိစေရန် ယူရီးယား(၈)ပြည်၊ တီစူပါ(၂၄)ပြည်၊ ပိုတက်ရှ်(၁၂)ပြည်နှုန်း ထည့်သွင်းစိုက်ပျိုးကြကြောင်း ပဲတီစိမ်းစိုက်တောင်သူ ဦးအောင်စိုးက ပြောပြသည်။

ပိုးမွှားများ ကာကွယ်နှိမ်နင်းရာ၌ ပဲတီစိမ်းသီးနှံများတွင် ကျရောက်တတ်သည့် အဖျက်ပိုးများဖြစ်သော မြေအောက်ပိုးနှင့် ပင်စည်ထိုး ယင်များ ကာကွယ်နိုင်ရန်အတွက် မျိုးစေ့များအား အင်မီဒါကလိုဗစ်၊ ဖျူရာဒန် ပိုးသတ်ဆေးတစ်မျိုးမျိုးနှင့် လူးနယ်ပြီး အဝါရောင် မိုစေ့ရောဂါသယ်ဆောင်သည့် ယင်ဖြူများ ကာကွယ်ရန်အတွက် အပင်သက်တမ်း (၁၄)ရက်သားမှစ၍ ထိသေ၊ စားသေ ပိုးသတ်ဆေးတစ်မျိုးမျိုး ဖျန်းပေးကြောင်း၊ ပန်းပွင့်နှင့် သီးကင်းများ ဝင်ချိန်အချိန်အထိ ပေါင်းမြက်ရှင်းလင်းခြင်းများ ပြုလုပ်ပေးပြီး၊ ပန်းပြချိန်တွင် ယူရီယား ထမင်းစားဇွန်း (၄)ဇွန်း၊ လက်ချားမှုန့်(၁)ဇွန်း ဖျော်၍ တစ်ဧကတွင် ဆေးဖျန်းပုံး (၅)ပုံးမှ(၆)ပုံးအထိ နံနက်ပိုင်းတွင် အရွက်အောက် မျက်နှာပြင်တွင် ဖျန်းပေးပါက အသီးအပွင့်များ ပိုမိုအောင်မြင်ကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၅)**



# ၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်တွင် အမေရိကန်အသင်းနှင့် ဂျာမနီအသင်းတို့က လာမည့် ဩဂုတ် ၆ရက် မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်အချိန်တွင်လည်းကောင်း၊ ဘရာဇီးအသင်းနှင့် စပိန်အသင်းတို့က လာမည့် ဩဂုတ် ၇ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်အချိန်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်သည်။

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ချန်ပီယံဆုကို စပိန်အသင်းက ဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။

**(NGB)**

# နိုင်ငံရေးပါတီ (၂၅)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံရေးပါတီ (၂၅) ပါတီ၏
ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်
၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ( ၁၅ ) ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ( ၄ ) ရက်

၁။ အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA၊ AA၊ TNLA နှင့် ၎င်းတို့နှင့်ဆက်နွယ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ( ၂ - ၈ - ၂၀၂၄ )ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ အမှတ်(၉)ဆေးရုံ ခုတင်(၁၀၀)အား လက်နက်ကြီး/ရှေ့တိုက်ဒုံး/Drone/လက်နက်ငယ်မျိုးစုံတို့ဖြင့် ဆင်ခြင်မဲ့ရက်စက်ကြမ်းကြုတ်စွာ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

၂။ အထက်ဖော်ပြပါ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သော ဆရာဝန်/သူနာပြုအပါအဝင် ဝန်ထမ်းများ၊ အရပ်သူ အရပ်သားလူနာများ၊ ကလေးသူငယ်များ၊ ရင်ခွင်ပိုက်ကလေးများ အပါအဝင် အပြစ်မဲ့ပြည်သူများစွာအား ရက်စက်စွာ အနီးကပ်ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင် အပါအဝင် လူနာအချို့အား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

၃။ ဤဖြစ်ရပ်သည် လူသားမဆန်သည့် ဆိုးဝါးသော အကြမ်းဖက်မှုဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုလည်းကောင်း၊ ပြည်တွင်းရှိတည်ဆဲဥပဒေများကိုလည်းကောင်း၊ နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကိုလည်းကောင်း ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

၄။ ထိုအကြမ်းဖက်သောင်းကျန်းသူများနှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများအား အကြမ်းဖက်သောင်းကျန်းသူများအဖြစ်သတ်မှတ်၍ ပြည်တွင်းဥပဒေများအရ အရေးယူဆောင်ရွက်ပေးပါရန်နှင့် ပြည်တွင်း၌သာမက နိုင်ငံတကာမှလည်း အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်၍ အရေးယူပိတ်ဆို့ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA၊ AA၊ TNLA နှင့် ၎င်းတို့နှင့် ဆက်နွယ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ လူမဆန်စွာ အကြမ်းဖက်ရက်စက်ယုတ်မာသည့် လုပ်ရပ်များကို မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် သန်းပေါင်းများစွာသော ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများကို ကိုယ်စားပြု၍ လုံးဝ(လုံးဝ)လက်မခံ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း အောက်တွင် လက်မှတ်ရေးထိုး သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်-

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၄။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၅။ | ဦးဦးသန်းငွေ | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၆။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၇။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၈။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၉။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၀။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၁။ | ဦးစိုင်းအောင်မြင့်နိုင် | တွဲဖက်အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို၀ိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၄။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၅။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၆။ | ဦးအောင်ဘ | ဗဟိုအလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၇။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၈။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၁၉။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၀။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၁။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၂။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၃။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၄။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၅။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

## မကွေးမြို့တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ



မကွေး ဩဂုတ် ၄

မကွေးမြို့တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြောကြားသည်။


ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁ / ၂၀၂၂) နှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ညွှန်ကြားချက်အမှတ် (၂ / ၂၀၂၂)၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က AML/ CFT ဆိုင်ရာကိစ္စရပ်များ၊ မကွေးတိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ဝတ္တရားများ၊ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ၊ မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးနှင့် မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးမှူးတို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဌာနက ဆောင်ရွက်ရသည့် လုပ်ငန်းများ စသည်တို့ကို ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသည့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် အဖိုးတန်သတ္တုလုပ်ငန်းရောင်းဝယ်သူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ကို(ဖန်ခါးမြေ)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Anant Ambarni နှင့် Radhika တို့ မင်္ဂလာပွဲဖိတ်စာ ထူးခြားစွာပြင်ဆင်ထား





အိန္ဒိယနိုင်ငံ ချမ်းသာကြွယ်ဝသော အမ်ဘာနီမိသားစု၏သား အာနမ်အမ်ဘာနီနှင့် ရာဟီကာတို့ မင်္ဂလာပွဲဖိတ်စာကို ထူးခြားစွာပြင်ဆင်ထားသည်ဟု ဘောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာကျော် ချမ်းသာသောအဆင့်နှင့် ထိုက်တန်စွာပြင်ဆင်ထားသော ဖိတ်စာတွင် ဘုရားပုံပန်းချီကားချပ်များ၊ ဘုရားဆင်းတုတော်များ၊ ဘုရားတေးသီချင်းနှင့်လက်ဆောင် လက်နှင့်ပြုလုပ်ထားသည့် ပဝါမလေး ပါဝင်သည့် invitation box နှင့် ပြင်ဆင်ထားသည်။

အကြိုမင်္ဂလာပွဲနှစ်ကြိမ်တိုင်ကျင်းပခဲ့ရာ ဘောလိဝုဒ်နာမည်ကြီးအနုပညာရှင်များ ဖိတ်ကြား၍ ကမ္ဘာကျော်ဖြစ်ခဲ့ရာမှ ဇူလိုင် ၁၂ ရက်မှစ၍ မွမ်ဘိုင်းရှိ အမေရိကန် တစ်ဘီလီယံတန်ကြေးရှိ အမ်ဘာနီစံအိမ်တွင် ဟိန္ဒူရိုးရာဓလေ့ထုံးတမ်းထိမ်းမြားမင်္ဂလာပွဲ ကျင်းပမည်ဖြစ်သည်။

ယင်းမင်္ဂလာပွဲအတွက် ဖိတ်စာ၏ကုန်ကျစရိတ်ကို မသိရသေးသော်လည်း ဖိတ်စာသေတ္တာမှာ တန်ဖိုးကြီးမားသည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။

(SKY)

## Kang Dong Won ရုပ်ရှင်စတားအဖြစ် နာမည်ကြီးရခြင်းအကြောင်းရင်းရှိ



ရုပ်ရှင်ဇာတ်ကားနှင့် အောင်မြင်ရန်မှာ ဒရမ်မာဇာတ်လမ်းတွဲများလောက် လွယ်ကူခြင်းမရှိဘဲ ဇာတ်အိမ်၊ ဇာတ်လမ်း၊ သရုပ်ဆောင်ပိုင်းကို အဓိကချပြရခြင်းဖြစ်၍ ခက်ခဲပြီး ရုပ်ရှင်စတားဖြစ်ရန် မလွယ်ကူသော်လည်း ကန်ဒေါင်ဝမ်က ရုပ်ရှင်စတားဖြစ်ခဲ့သည်။

ကန်ဒေါင်ဝမ်သည် ငယ်စဉ်ကပင် ရုပ်ရှင်လက်ရာကောင်းများစွာရှိခဲ့ပြီး သူ၏ရုပ်ရည်အရလည်းကျော်ကြားခဲ့သဖြင့် အသက် ၄၀ ကျော်သည်အထိ ထိပ်တန်းစာရင်းဝင်နေဆဲဖြစ်ကာ ဇာတ်လမ်းတွဲရိုက်ကူးထားခြင်းမရှိဘဲ ဂျောင်ဂျီဟွန်းနှင့်အတူ Polaris တွင် ပထမအကြိမ် မြင်တွေ့ကြရမည် ဖြစ်သည်။

ရုပ်ရှင်နှင့်အောင်မြင်ခဲ့သော အနုပညာရှင် ရုပ်ရှင်စတား ကန်ဒေါင်ဝမ် နာမည်ကြီးရခြင်း အကြောင်းရင်းတွင် လျှို့ဝှက်ချက်များရှိသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ (SKY)

## အစားအစာများထဲမှ တယ်လာရီယမ်ဒြပ်ပေါင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားစေနိုင်ကြောင်း လေ့လာတွေ့ရှိ



သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းများနှင့် ဆက်နွယ်နေသော မီးခိုးငွေ့များမှတစ်ဆင့် အစားအစာထဲသို့ အဆိပ်အတောက်ဖြစ်စေသော တယ်လာရီယမ်ဒြပ်ပေါင်းများ ဝင်ရောက်လာတတ်သည်။

ယင်းဒြပ်ပေါင်းကို အထူးသဖြင့် ဆန်၊ ပဲတောင့်ရှည်၊ ခါကျက်ဥ၊ ကြက်သွန်ဖြူစသော အစားအစာများထဲ၌တွေ့ရပြီး နောက်ဆုံးတွင် လူတို့စွန့်ထုတ်သည့် ဆီးထဲသို့ ပါသွားသည်။

ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်မှ ပါမောက္ခမဆရိုကတော နှင့် တကုမိကဂဝတို့ ဦးဆောင်သော သုတေသီများ မကြာသေးမီက ဂျပန်နိုင်ငံသား ၂၅၉၂ ဦးတို့ကို လေ့လာခဲ့ရာ တယ်လာရီယမ်ဒြပ်ပေါင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားစေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

ဆီးထဲ၌ ယင်းဒြပ်ပေါင်းပါဝင်မှု များသူများ သွေးတိုးရောဂါခံစားနေရကြောင်း ပါမောက္ခမဆရိုကတောက ရှင်းလင်းပြောကြားသည်။ (SCI)

## BTS မှ Jin@Kim Seok Jin ကို Hallasan အမြင့်ဆုံးတောင်တွင် မြင်တွေ့ခဲ့





ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်ကို Hallasan တောင်ကိုရီးယားတွင် အမြင့်ဆုံးတောင်ဖြစ်ပြီး တောင်ထိပ်တွင်တည်ရှိသည့် မီးတောင်ကြားတွင် တွေ့ရှိလိုက်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် သင်တန်းပြီးဆုံးပြီးနောက် အနုပညာလုပ်ငန်းများနှင့် အချိန်ပြည့်နေခဲ့ရာမှ ရသစုံရှိုးတစ်ခုကို လက်ခံထားပြီး၊ အိုလံပစ်မီးရှူးတိုင် ကိုင်ဆောင်ရန်လည်း တာဝန်ပေးအပ်ခံရကာ၊အမြင့်ဆုံးတောင် Hallas-an တောင်ထိပ်မီးတောင်ကြားတွင် မြင်တွေ့ကြရ၍ ပရိသတ်စိတ်ဝင်စားနေကြသည်။

မကြာမီ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆိုမည့် တစ်ကိုယ်တော်ဂီတပွဲကိုလည်းကျင်းပမည်ဟု ကြေညာထားရာ အလုပ်များနှင့်အချိန်ပြည့်နေသော ဂျင်ကို ပရိသတ်များ ရင်ခုန်စွာစောင့်မျှော်နေကြသည်။ (SKY)

## Black Pink မှ Jisoo ၏ တစ်ကိုယ်တော်ဂီတ ထွက်ရှိမည်



ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျီဆိုသည် သူမ၏တစ်ကိုယ်တော်ဂီတ ထွက်ရှိလာမည့်အကြောင်း အရိပ်အမြွက်တစ်ခုကို ပရိသတ်ဝက်ဘ်ဆိုက် Dear U- Bubble တွင် မျှဝေထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဆိုက ယခုရိုက်ကူးရေးပြီးသွားလျှင် ဘလက်ပင့်ခ်အမာခံ ပရိသတ် ဘီလင့်များနှင့် ပြန်တွေ့နိုင်စေရန် ပြင်ဆင်မှုများပြုလုပ်သွားမည်ဟု ဝေမျှထား၍ သူ၏ တစ်ကိုယ်တော်ဂီတအတွက် ဖြစ်မည်ဟု မှတ်ချက်ပေးထားသည်။

ဂျီဆိုသည် တစ်ကိုယ်တော် ပွဲဦးထွက် Me နှင့် ၎င်း၏ဂီတ Flower တို့ဖြင့် ကမ္ဘာတစ်လွှား ပရိသတ်အာရုံစိုက်ခံရပြီး ချီးကျူးမှုများစွာ ရရှိထားသည်။

လက်ရှိအနုပညာလုပ်ငန်းများနှင့် အလုပ်ရှုပ်နေသော ဂျီဆိုသည် Omniscient Reader's Viewpoint အက်ရှင်ဇာတ်ကားရိုက်ကူးပြီးစီးကာ၊ Vampire Kdrama Influenza အတွက် ရိုက်ကူးရေးလုပ်ဆောင်နေသည်။ (SKY)

## Junaid Khan အမိရ်ခန်းသားပါဝင်သည့် Maharaj ဖြစ်ရပ်မှန် အခြေခံထား

ဘောလိဝုဒ်ရုပ်ရှင် Maharaj မှာ ဖြစ်ရပ်မှန်အခြေခံထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး အမိရ်ခန်း၏သား ဂျူနိုင်ခန်း ပါဝင်ထားသည်ဟု ဘောလိဝုဒ်အက်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ကိုလိုနီခေတ် အိန္ဒိယ၌ တကယ်အဖြစ်အပျက်တစ်ခုဖြစ်သည့် ဘာသာရေးကို အသုံးချပြီး လိင်အမြတ်ထုတ်ခဲ့သည့် ဘာသာရေးခေါင်းဆောင်နှင့် ခေတ်သစ်အတွေးအခေါ်ကိုဖြန့်ဝေပြီး လူ့ဘောင်သစ်တစ်ခုကို တည်ဆောက်ရန် လုပ်နေသည့် ဂျာနယ်လစ်သမားတစ်ဦးကြား အားပြိုင်မှုကို ပြသထားသည်။

ယင်းရုပ်ရှင်တွင် ဖြစ်ရပ်မှန်ကို မွမ်းမံမှုများပြားခဲ့ပြီး ဂျူနိုင်ခန်း၏ သရုပ်ဆောင်မှုများက အသက်မပါသကဲ့သို့ဖြစ်နေ၍ ပရိသတ်ကြည့်ရှုနှုန်း ၅ ဒသမ ၅ သာ ရရှိခဲ့ကာ အောင်မြင်သင့်သလောက် မအောင်မြင်ဖြစ်ခဲ့ရသည့်ရုပ်ရှင်ဟု ပရိသတ်မှတ်ချက်ပေးထားသည်။

အမိရ်ခန်း၏သား ဂျူနိုင်ခန်းကို ဟီးရိုးပုံစံတင်၍ ရိုက်ကူးထားရာ ဖခင်ခြေရာ မနင်းနိုင်သေးဟု အနုပညာအသိုက်အဝန်းက သတ်မှတ်ခဲ့ကြသည်။

(SKY)




## The Legend Of Shen Li က Maoyan ဒေတာ၏ ၂၀၂၄ ခုနှစ် နှစ်ဝက်အတွင်း အမြင့်ဆုံးရရှိထား

တရုတ်အနုပညာလောကမှ ထွက်ရှိထားသည့် ဇာတ်လမ်းတွဲများကို Maoyan ဒေတာက ၂၀၂၄ ခုနှစ် နှစ်ဝက်အတွင်း စုစည်း၍ ဖော်ပြထားရာ The Legend Of Shen Li က အမြင့်ဆုံးနေရာ ရရှိထားသည်။

အဆိုပါ ထိပ်ဆုံးဆယ်ကားစာရင်းတွင် The Legend Of Shen Li, Joy of Life 2, Blossomsin Adversity, War of Fouth, Always on the Move, Best Choice Ever, Love Endares, City of the City, The Tale of Rose နှင့် In The Name Of The Brother တို့ ပါဝင်ထားကြသည်။

တစ်လအတွင်း အကျော်ကြားဆုံး မင်းသမီးစာရင်းတွင် ဘိန်လျူ၊ ဟူမင်ဟွမ်၊ ဝမ်ရှင်ယွဲ့၊ ယောင်ချောင်ယွဲ့၊ ဂူအန်ရှောင်တန်၊ ကျန်ပင်းပင်းနှင့် ချန်ရှင်းရူတို့ စာရင်းဝင်ခဲ့ကြပြီး သူတို့ပါဝင်ထားသည့် ဇာတ်ကားများနည်းတူ ကျော်ကြားအောင်မြင်မှုများကို ပိုင်ဆိုင်ထားကြသည်။ (SKY)






# စက်တင်ဘာ ၄ ရက်တွင် စကားစစ်ထိုးပွဲ ထရမ့်ကမ်းလှမ်း ပြိုင်ဘက်သမ္မတလောင်း ကာမာလာဟဲရစ် ငြင်းဆို

**ဝါရှင်တန် ဩဂုတ် ၄**

လာမည့်စက်တင်ဘာ ၄ ရက်ညတွင် စကားစစ်ထိုးပွဲပြုလုပ်ရန် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ကကမ်းလှမ်းရာ ၎င်း၏ပြိုင်ဘက် ဒီမိုကရက်တစ် သမ္မတလောင်း ကာမာလာဟဲရစ် ငြင်းဆိုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုနေ့တွင် ဖောက်စ်စ် သတင်းဌာနက ၎င်းတို့၏ စကားစစ်ထိုးပွဲကို တိုက်ရိုက်ထုတ်လွှင့်ရန် ထရမ့်ဘက်ကစီစဉ်ထားကြောင်း ကမ်းလှမ်းပြောဆိုသည်။

ဂျိုးဘိုင်ဒင်နှင့် ဒုတိယ စကားစစ်ထိုးပွဲကို စက်တင်ဘာ ၁၀ ရက်တွင် အေဘီစီသတင်းဌာန၏ တိုက်ရိုက်ထုတ်လွှင့်မှုဖြင့် ပြုလုပ်ရန်စီစဉ်ခဲ့ပြီးဖြစ်ရာ မူလအစီအစဉ်အတိုင်းဖြစ်မှ စကားစစ်ထိုးမည်ဟု ကာမာလာဟဲရစ်က ပြောကြားသည်။

စက်တင်ဘာ ၄ ရက်အစီအစဉ်ကို ၎င်းဘက်က ကြောက်ပြီးလက်မခံလျှင် ရင်ဆိုင်မတွေ့ကြတော့ဘဲနေလိုက်ကြရုံသာဖြစ်မည်ဟု ထရမ့်က ထရုသ်ဆိုရှယ်လူမှုကွန်ရက်တွင် ရေးသားအသိပေးခဲ့ကြောင်း သိရသည်။

**Mon**





# ကမ္ဘာ့အကြီးဆုံးအန္တာတိက ရေခဲပြင်ကြီး သမုဒ္ဒရာလှိုင်းများအတွင်း လည်ပတ်နေ

**လန်ဒန် ဇူလိုင် ၄**

ကမ္ဘာ့အကြီးဆုံးအန္တာတိက ရေခဲပြင်ကြီး သမုဒ္ဒရာလှိုင်းများအတွင်း လည်ပတ်နေသည်မှာ လအနည်းငယ်ကြာမြင့်ခဲ့ပြီဟု ဝင်ရိုးစွန်းသုတေသီပါမောက္ခ မာ့ခ်ဘရန်ဒွန်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အေ ၂၃ အေဟုအမည်ပေးထားသော အဆိုပါ ရေခဲပြင်ကြီးသည် ၁၉၈၆ ခုနှစ်တွင် အန္တာတိကကမ်းရိုးတန်းမှ လွတ်ထွက်ပြီး သမုဒ္ဒရာထဲသို့ တရွေ့ရွေ့မျောပါသွားသည်။

အန္တာတိတ်သမုဒ္ဒရာသည် အံ့သြစရာများပြည့်နေပြီး အဆိုပါ ရေခဲပြင်ကြီးလည်နေသည်ကို ကြည့်ရသည်မှာ နှစ်လိုဖွယ်ကောင်းသည်ဟု ဗြိတိသျှအန္တာတိတ်စစ်တမ်းအဖွဲ့မှ ပါမောက္ခ မိုက်ခ်မယ်ရဒစ်က မှတ်ချက်ချခဲ့ကြောင်းသိရသည်။

**Mon**

# အပူလောင်မှုများ မဖြစ်စေလိုသည့် ကိုရီးယားလေကြောင်း အသင့်စားခေါက်ဆွဲဘူး ကျွေးမွေးခြင်းကို ရပ်ဆိုင်း

**ဆိုးလ် ဩဂုတ် ၄**

ကိုရီးယန်းအဲ အမည်ရှိ ကိုရီးယားလေကြောင်းကုမ္ပဏီသည် လေယာဉ်မငြိမ်မသက်ဖြစ်နေချိန်များတွင် အပူလောင်မှုများ ထပ်မံမဖြစ်ပွားစေရန် ရိုးရိုးတန်း ခရီးရှည်ခေ့သည်များကို အသင့်စားခေါက်ဆွဲဘူးများ တည်ခင်းကျွေးမွေးခြင်း ဆက်လက်မပြုတော့ကြောင်း ယူပီအိုင်သတင်းဌာနက ဖော်ပြသည်။

လေယာဉ် မငြိမ်မသက်ဖြစ်ပေါ်နှုန်းသည် ၂၀၂၄ ခုနှစ် ပထမသုံးလပိုင်းအထိ စာရင်းပြုစုချက်အရ ၂၀၁၉ ခုနှစ်ကထက် ၂ ဆခန့် ပိုမိုခဲ့သည်ဟု လေကြောင်းကုမ္ပဏီက ပြောကြားခဲ့သည်။






အသင့်စား ခေါက်ဆွဲဘူးအစား အသားညှပ်ပေါင်မုန့်၊ ပီဇာ အစရှိသည့် အစားအစာများ အပါအဝင် အခြားသရေစာမျိုးစုံနှင့် လဲလှယ် တည်ခင်းကျွေးမွေးသွားမည်ဖြစ်သည်။

သို့သော် ခရီးသည် မများပြားသည့် ပထမတန်းနှင့် အခြားအတန်းများတွင် အသင့်စားခေါက်ဆွဲဘူးများကို ရွေးချယ်စရာအစားအစာ တစ်မျိုးအဖြစ် ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း လေကြောင်းကုမ္ပဏီက ထပ်လောင်း အသိပေးသည်။

**WYN**

# ညစ်ညမ်းရေနံများကို ဖယ်ရှားသန့်စင်ပြီးဖြစ်သဖြင့် စင်ကာပူနိုင်ငံရှိ ဆီလိုဆိုကမ်းခြေကို ပြန်ဖွင့်လိုက်ပြီ

**စင်ကာပူ ဩဂုတ် ၄**

ညစ်ညမ်းရေနံများကို သက်ဆိုင်ရာက ဖယ်ရှားသန့်စင်ပြီးဖြစ်သဖြင့် စင်ကာပူနိုင်ငံရှိ ဆီလိုဆိုကမ်းခြေကို ပြန်ဖွင့်လိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သောဇွန်လက ဖြစ်ပွားခဲ့သည့် ရေနံစိမ်းယိုစိမ့်မှုကြောင့် ညစ်ညမ်းနေသော စင်ကာပူကမ်းရိုးတန်းနှင့် ကမ်းခြေအသီးသီးမှ ရေနံများကို ဖယ်ရှားရှင်းလင်းရန် သုံးလထက်မနည်း ကြာမြင့်နိုင်ကြောင်း ကျွမ်းကျင်သူများ တွက်ချက်ခန့်မှန်းခဲ့ကြသည်။

ထိုသို့ခန့်မှန်းခဲ့သော ကာလထက်တစ်လခွဲခန့်စောပြီး ဆီလိုဆိုကမ်းခြေကို ပြန်ဖွင့်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဆီလိုဆိုကမ်းခြေပြန်ဖွင့်နိုင်ခဲ့တာဟာ အစိုးရဌာနတွေ၊ ဝန်ထမ်းတွေ၊ ကျွမ်းကျင်သူတွေ၊ လုပ်ငန်းလက်ခံဆောင်ရွက်သူတွေနဲ့ စေတနာ့ဝန်ထမ်းတွေပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ကျွန်တော်တို့ရဲ့ သန့်ရှင်းရေးကြိုးပမ်းအားထုတ်မှုတွေ အောင်မြင်တဲ့သဘောအဖြစ် မှတ်ယူရမှာပါဟု ရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး ဂရေ့စ်ဖူက ထုတ်ဖော်ပြောကြားသည်။



အဆိုပါကမ်းခြေကို ထိုသို့ ပြန်ဖွင့်လိုက်ရာတွင် လာရောက်လည်ပတ်သူများအနေဖြင့် ရေကူးခွင့် ရေကစားခွင့်များလည်းရရှိမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# မြောက်ကိုရီးယားရေဘေးအတွက် ထောက်ပံ့မည်ဟု ရုရှားသမ္မတပလာဒီမာပူတင် ထုတ်ဖော်ပြောကြား

**မော်စကို ဩဂုတ် ၄**

မြောက်ကိုရီးယားနိုင်ငံတွင် ဇူလိုင် ၂၇ ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် တရုတ်နှင့်နယ်နိမိတ်ချင်းထိစပ်နေသော ဒေသများတွင် ရေကြီးမှုဖြစ်ပွားခဲ့သည်။

လူပေါင်းထောင်နှင့်ချီ၍ အခက်အခဲကြုံနေရသော ထိုရေဘေးအတွက် ကူညီထောက်ပံ့မည်ဟု ဩဂုတ် ၃ ရက်က ရုရှားသမ္မတပလာဒီမာပူတင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိတ်ဆွေကောင်းပီသစွာ ကူညီမည်ဟု ရုရှားသမ္မတပြောလာသဖြင့် ကျေးဇူးတင်ရှိသည်ဟု မြောက်ကိုရီးယားခေါင်းဆောင်က တုံ့ပြန်ပြောဆိုကြောင်း သိရသည်။

**Mon**



# ကာလီဖိုးနီးယားအလယ်ပိုင်း တောမီးကို ငြိမ်းသတ်ရန် မီးသတ်သမား ၆၀၀၀ ကျော် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိ

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားအလယ်ပိုင်း၌ တောက်လောင်နေသော တောမီးကိုငြိမ်းသတ်ရန် မီးသတ်သမား ၆၀၀၀ကျော်ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩဂုတ် ၃ ရက်က ကာလီဖိုးနီးယားပြည်နယ်အတွင်း မိုးရွာနိုင်သည်ဟု မိုးလေဝသစခန်းများက ခန့်မှန်းထားခဲ့သော်လည်း မိုးသည်းထန်စွာမရွာဘဲ လေပြင်းများသာ ကျရောက်ခဲ့သည်။

၁၀၀ ဒီဂရီဆဲလ်ဆီးယပ်စ်ခန့်အထိ ပူပြင်းနေသော တောမီးလောင်ရာရပ်ဝန်း၌ တစ်နာရီလျှင် ၂၅ မိုင်အထိ ပြင်းထန်သည့်လေတိုက်ခတ်ခဲ့သဖြင့် ပြည်နယ်မြို့တော် စကရာမင်တို့၏ မြောက်ဘက် မိုင်၁၀၀ခန့်အထိရောက်အောင် ထိုတောမီးအရှိန်ပြင်းစွာ ရွေ့လျားလာခဲ့သည်။

လွန်ခဲ့သည့်၁၁ရက်ကစတင်ဖြစ်ပွားခဲ့သည်ဆိုသော ထိုတောမီးကြောင့် လူနေအိမ်နှင့် အခြားအဆောက်အအုံ အလုံးရေ ၅၆၀ ကျော်မီးလောင် ပျက်စီးဆုံးရှုံးခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ပြီး အဆိုပါတောမီးကိုငြိမ်းသတ်ရန်ကြိုးစားရာ ၂၇ရာခိုင်နှုန်းခန့်ကိုသာ ထိန်းချုပ်နိုင်သေးသည်ဟု မီးသတ်တပ်ဖွဲ့ပြောခွင့်ရသူက ဩဂုတ်၃ရက်တွင် အတည်ပြုကြောင်းသိရသည်။

**Mon**





မိုးသည်းထန်ရေကြီးမှုကြောင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တစ်နေရာရှိ အဝေးပြေးလမ်းတံတား တစ်စင်း ကျိုးနေသည်ကို တွေ့ရစဉ်။ **Mon**

## မိုင်းယောင်းမြို့နယ်တွင် ရေဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၁ရက် နံနက်ပိုင်းက ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကို ကျင်းပခဲ့သည်။

အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များနှင့်ရေကြီးပြီး ရှောင်ရန်အချက်များကိုလည်းကောင်း၊ ရပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖောင်းက ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြောင်း သိရသည်။




(ဝဲပုံ)

ဝေဝေခိုင်(ပြန်/ဆက်)



## မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် သစ်ကိုင်းများ ကျိုးကျ

**မင်းဘူး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ သီးကုန်းတန်းရပ်၊ (၂)လမ်းတွင် ဩဂုတ် ၂ ရက် နံနက် ၈ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လုံးပတ်(၅)ပေခန့်နှင့် အမြင့်(၂၅) ပေခန့်ရှိ ကုက္ကိုပင် တစ်ပင် နေအိမ်သွပ်မိုးနှင့် လမ်းမီးကြိုးများပေါ်သို့ သစ်ကိုင်းများ ကျိုးကျခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် မြို့နယ်မီးသတ်စခန်းမှ ဒုမြို့နယ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက နေအိမ်သွပ်မိုးများ ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် လမ်းမီးကြိုးများ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်ရေး၊ အချိန်မီ မီးလင်းနိုင်ရေးတို့အတွက် ဝိုင်းဝန်းရှင်းလင်းဖယ်ရှားခြင်းများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ကုက္ကိုပင်သစ်ကိုင်းကျိုးကျခြင်းကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်းနှင့် သက်ဆိုင်ရာဌာနများမှ လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၅၀၄)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် လူသုံးကုန်နှင့် အလှကုန်ပစ္စည်း ကီလိုဂရမ် ၁၄၀၇ ၊ Tea Pot



၅၂၄ ဒသမ ၃ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၁၆၄ မျိုးကိုလည်းကောင်း၊ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Sanitary Ware ၇၄၅ ခု၊ လျှပ်စစ်အပိုပစ္စည်း ၉၈၅ ဒသမ ၉ကီလိုဂရမ်ကိုလည်းကောင်း၊မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Roadone ကားတာယာ ၉၆ လုံး၊ ထိုင်းနိုင်ငံထုတ် Knorr ကြက်သားမှုန့်ထုပ် ၄၈၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Turck တစ်စီးနှင့် Yutong Bus တစ်စီးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဂျင်းဘောင်းဘီရှည် အထည် ၄၇၀၊ဆွယ်တာအင်္ကျီ ငါးထည် အပါအဝင် ကုန်ပစ္စည်းငါးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Surf တစ်စီးဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Honda Fit သုံးစီး၊ Toyota Crown တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင်စက်သုံးဆီ ဓာတ်ဆီဂါလန် ၂၈၈၀ ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ခန္တီးမြို့နယ်၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ် တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၄

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Naing Lin Htun(sai aung)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အမှတ်(၄)*ရပ်ကွက်နေ နိုင်လင်းထွန်းအား ညနေ ၄ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ "Aung Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်နေ အောင်စိုးမိုးအား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့ ၅ ခုမှ သဘောထားများ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၄

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကို ယနေ့တွင် အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံဆေးကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAAသောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံဆေးကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆေးကောင်စီ

## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ

## မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို မည်သည့်အရပ်ဒေသ၊ မည်သည့်အခြေအနေတွင် မဆို ရယူခွင့် ရှိရပါမည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို လက်နက်ဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးမှုဖြစ်စေခြင်း စသည်တို့အား မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းအနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

## မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား သာလွန်အင်အားဖြင့် ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူမဆန်စွာ ရက်ရက်စက်စက် ပစ်သတ်ခြင်းများကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူလူနာများ၊ လူနာစောင့်များ၊ ဆရာဝန်နှင့် သူနာပြုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့လည်း ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက် လူမှုဘဝများ ဆုံးရှုံးနေကြကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က စစ်ရေးနှင့် မသက်ဆိုင်သော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူနာများ တက်ရောက်ကုသမှုခံယူနေသည့်ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့မှု လုပ်ရပ်များ၊ စစ်ရေးနှင့် မသက်ဆိုင်သည့် လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှု လုပ်ရပ်များသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်နေခြင်းဖြစ်သောကြောင့် ၎င်းအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက လုံးဝ(လုံးဝ)လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း

## မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသည် နိုင်ငံတော်အတွင်းရှိ ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဘေးကင်းလုံခြုံပြီး အရည်အသွေးပြည့်မီစွာ ပြုစုစောင့်ရှောက်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA- အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ကြီးများ၊ ရှေ့တိုက်ဒုံးများ၊ Drone များနှင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ယခုကဲ့သို့ နာမကျန်း၍ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနေသော အပြစ်မဲ့ဒေသခံလူနာများနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်နာကျင်မှု၊ သေဆုံးမှုများ ဖြစ်ပေါ်စေ၍ "လူသားချင်းစာနာထောက်ထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များအား လုံးဝလက်မခံ ကန့်ကွက်ပါကြောင်းနှင့် ရှုတ်ချပါကြောင်း" မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

## ဧရာဝတီမြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဩဂုတ် ၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ဝ၃ ပေ (၁၃၄၂ စင်တီမီတာ) အောက် လေးလက်မခန့် (၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ဝ၆ ပေ (၁၁၆၀ စင်တီမီတာ)အောက် ပေဝက်ခန့် (၁၅ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတကာ အားကစား သတင်းများ

## ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ



**ဘာစီလိုနာ ဩဂုတ် ၄**

နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄၂မိနစ်နှင့် ၅၄မိနစ်တွင် ပါအူဗစ်တာက သွင်းယူပေးခဲ့သည်။ ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၈၂မိနစ်တွင် နီကိုလက်စ်ပတ်ဇ်က သွင်းယူပေးခဲ့သည်။

ဘာစီလိုနာအသင်းသည် နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၇ရက်တွင် အေစီမီလန်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(ဝဲပုံ)**
(NGB)

## နာနီ အစ်စတယ်လာအန်မာဒိုရာအသင်းတွင် ကျောနံပါတ် ၁၇ ဂျာစီအား ဝတ်ဆင်ကစားမည်

**လန်ဒန် ဩဂုတ် ၄**

ဝါရင့် တောင်ပံကစားသမားတစ် နာနီသည် ၎င်း၏ မွေးရပ်မြေကလပ်အသင်းဖြစ်သည့် အစ်စတယ်လာအန်မာဒိုရာအသင်းတွင် ကျောနံပါတ် ၁၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် အစ်စတယ်လာအန်မာဒိုရာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် တစ်နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။



တောင်ပံကစားသမား နာနီသည် ကစားသမားဘဝတစ်လျှောက်တွင် ဗလင်စီယာ၊ မန်ချက်စတာယူနိုက်တက်၊ ဖီနာဘာချီ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အစ်စတယ်လာအန်မာဒိုရာအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ နာနီက ကျွန်တော် အစ်စတယ်လာအန်မာဒိုရာအသင်းမှာ ကျောနံပါတ် ၁၇ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းကို ရလဒ်ကောင်းတွေ ရရှိအောင်လည်း ကူညီပေးသွားမှာပါ ဟု ပြောသည်။ **(ဝဲပုံ)** (NGB)

## 2024 Olympics တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Qinwen Zheng ဆွတ်ခူး



**ပဲရစ် ဩဂုတ် ၄**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် ၂၀၂၄ Olympics တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို တရုတ်တင်းနစ်မယ် Qinwen Zheng က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တရုတ်တင်းနစ်မယ် Qinwen Zheng သည် 2024 Olympics တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ခရိုအေးရှားတင်းနစ်မယ် Donna Vekic အား ၆-၂၊ ၆-၃ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ Qinwen Zheng က "ကျွန်မအခုလို 2024 Olympics တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

**(အပေါ်ပုံ)**
(NGB)

## ချီယေဆာ လက်ရှိဈေးကွက်အတွင်း ဂျူဗင်တပ်အသင်းမှ ထွက်ခွာမည်

**တူရင် ဩဂုတ် ၄**

တောင်ပံကစားသမား ချီယေဆာသည် လက်ရှိဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းမှ ထွက်ခွာသွားတော့မည် ဖြစ်သည်။

ဂျူဗင်တပ်အသင်းကလည်း အသင်းမှ ထွက်ခွာတော့မည့် ချီယေဆာအား နောက်ထပ်ကစားမည့် ရာသီကြိုခြေစမ်းပွဲစဉ်များအတွက်လည်း အသင်းလူစာရင်းမှ ချန်လှပ်ခဲ့သည်။

အသက် ၂၆ နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် စပါးအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ချီယေဆာသည် ဂျူဗင်တပ်အသင်းနှင့်အတူ ပြိုင်ပွဲပေါင်း ၁၃၁ပွဲကစားကာ ၃၂ဂိုး သွင်းယူပြီး ခြေစွမ်းပြထားခြင်းကြောင့်လည်း စပါးအသင်း အပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ချီယေဆာ အနေဖြင့် လက်ရှိဈေးကွက်အတွင်း ဂျူဗင်တပ်အသင်းမှ ထွက်ခွာပြီးမည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲ ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(ယာပုံ)** (NGB)



## ယန်းကူတိုအား ဒေါ့မွန်အသင်း ခေါ်ယူ

**ဒေါ့မွန် ဩဂုတ် ၄**

ဒေါ့မွန်အသင်းသည် မန်ချက်စတာစီးတီးအသင်း နောက်ခံကစားသမား ယန်းကူတိုအား ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၂ နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဒေါ့မွန်အသင်းတွင် ကျောနံပါတ် ၂ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

နောက်ခံကစားသမား ယန်းကူတိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ချက်စတာစီးတီးအသင်းမှ ဂျီရိုနာအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၉ပွဲကစားကာ ၂ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။



ဒေါ့မွန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အပေါ်ပုံ)**
(NGB)

## ဆော်လော့သ်အား အက်သလက်တီကိုမက်ဒရစ်အသင်း လေးနှစ်စာချုပ်ဖြင့် ခေါ်ယူ



**မက်ဒရစ် ဩဂုတ် ၄**

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဗီလာရီးရဲလ်အသင်း တိုက်စစ်မှူး ဆော်လော့သ်အား လေးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဗီလာရီးရဲလ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၁ပွဲ ကစားပြီး ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် ဆော်လော့သ်အား ခေါ်ယူခဲ့ပါပြီ။ "သူ့အနေနဲ့ အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်းမှာ ကစားသမားတွေ ခေါ်ယူအားဖြည့်မှုများ ပြုလုပ်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)**
(NGB)

## ဒီယေဂိုကားလို့စ်အား ခေါ်ယူရန် ဖူလ်ဟမ်အသင်း ဆွေးနွေး

**လန်ဒန် ဩဂုတ် ၄**

ဖူလ်ဟမ်အသင်းသည် အက်စတွန်ဗီလာအသင်း နောက်ခံကစားသမား ဒီယေဂိုကားလို့စ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။



အသက် ၃၁ နှစ် အရွယ်ရှိ နောက်ခံကစားသမားသည် အက်စတွန်ဗီလာအသင်းနှင့် အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၁ပွဲ ကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဒီယေဂိုကားလို့စ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အက်စတွန်ဗီလာအသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ဖူလ်ဟမ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းထံမှ ဒီယေဂိုကားလို့စ်အား ရရှိအောင် ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ပုံ)**
(NGB)

## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် - ၁၊ ၂၊ ၃၊ ၄ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၅-၈-၂၀၂၄ တနင်္လာနေ့ | ညနေ ၄:၀၀ နာရီ (သုဝဏ္ဏကွင်း) | (၁၂)သစ္စာအားမာန် (L,L,L,L) - ရောဝတီ(၁၀) (D,L,L,L) | - |

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၈-၂၀၂၄ အင်္ဂါနေ့ | နံနက် ဝ၁:၃၀ နာရီ | ဖူလ်ဟမ်(အင်္ဂလန်) - ဆီဗီလာ(စပိန်) |

## ၂၀၂၄ ပါရီ အိုလံပစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၅-၈-၂၀၂၄ တနင်္လာနေ့ | ည ၁၀:၃၀ နာရီ | မိုရာကို - စပိန် |
| ၆-၈-၂၀၂၄ အင်္ဂါနေ့ | နံနက် ဝ၁:၃၀ နာရီ | ပြင်သစ် - အီဂျစ် |



# ကျွန်းလှမြို့၌ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**ကျွန်းလှ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ကျွန်းလှ)၌ ကျင်းပသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ရာတွင် ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူတို့က ကျောင်းသား၊ ကျောင်းသူ ၁၁၀ ဦးအား တစ်ဦးချင်းလက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျွန်းလှမြို့နယ်ဦးစီးမှူးရုံး၊ ဦးစီးမှူး ဦးဖြိုးလုံမြတ်က နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် ကိုင်ဆောင်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအကြောင်း အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၈၀)**

# (၈)ကြိမ်မြောက် နိုင်ငံတကာ သကြားညီလာခံ မြန်မာနိုင်ငံသကြားအသင်း တာဝန်ရှိသူများ တက်ရောက်မည်

**မန္တလေး ဩဂုတ် ၄**

(၈)ကြိမ်မြောက် နိုင်ငံတကာ သကြားညီလာခံသို့ မြန်မာနိုင်ငံ သကြားအသင်း တာဝန်ရှိသူများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

(၈)ကြိမ်မြောက်နိုင်ငံတကာ သကြားညီလာခံကို ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၁၆-၁၉ ရက်အတွင်း ကျင်းပမည်ဖြစ်ရာ သကြားနှင့်ပေါင်းစပ်နည်းပညာဆိုင်ရာ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များအသင်းနှင့် သကြားသုတေသနနှင့်မြှင့်တင်ရေးအသင်းတို့သည် ခံနိုင်ရည်ရှိ၍ ရေရှည်တည်တံ့နိုင်သော ကမ္ဘာ့သကြားနှင့်ဇီဝစွမ်းအင် စက်မှုလုပ်ငန်း- အာဆီယံသကြားကို အသွင်ပြောင်းခြင်း Quy Nhon ဗီယက်နမ်ရှိ ကဏ္ဍ၊ ISC 2024 သည်ကမ္ဘာတစ်ဝန်းမှ သက်ဆိုင်သူအားလုံးကို ပေါင်းစည်းခြင်းဖြင့် ခမ်းနားသော အခွင့်အလမ်းတစ်ခုနှင့် တက်ကြွသောပလက်ဖောင်းတစ်ခုကို ပေးဆောင်မည်ဖြစ်ကြောင်း ဖိတ်ကြားစာတွင် ပါရှိသည်။

ဆွေးနွေးပွဲသို့ သကြား၊ အီသနောနှင့် ဇီဝစွမ်းအင်ဆိုင်ရာ သုတေသီများ၊ နည်းပညာ ပညာရှင်များ၊ မန်နေဂျာများ၊ စက်မှုအရာရှိများ၊ ထုတ်လုပ်သူများ၊ ပေးသွင်းသူများ၊ ဈေးကွက်လေ့လာသုံးသပ်သူများနှင့်နိုင်ငံပေါင်း ၃၀ ကျော်မှ တိုးတက်သော တောင်သူလယ်သမားများ တက်ရောက်ကြမည်ဖြစ်သည်။ အထူးသဖြင့် အာဆီယံနိုင်ငံများတွင် ကမ္ဘာတစ်ဝန်းရှိ သကြားနှင့် ပေါင်းစပ်စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ကြီးထွားလာခဲ့သည်။ ISC 2024 သည်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သောကမ္ဘာလုံးဆိုင်ရာ သကြားနှင့်ဇီဝစွမ်းအင် စက်မှုလုပ်ငန်းကိုတည်ဆောက်ရာတွင် အလေးပေးမည်ဖြစ်ပြီး ပိုမိုကောင်းမွန်သောဈေးကွက်ရှာဖွေရေးအခွင့်အလမ်းများမှတစ်ဆင့် အာဆီယံနိုင်ငံများရှိ သကြားကဏ္ဍကို ပြန်လည်အသက်သွင်းရန် အာရုံစိုက်ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ သကြားထုတ်လုပ်ရေးနှင့် ကြံမှ သကြားအပြင် ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးအပေါ်မှ ကြံတောင်သူများ ခံစားခွင့်ရရှိနိုင်မည့် အခွင့်အလမ်းကို အထူးလေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသကြားအသင်းတာဝန်ရှိသူက ပြောသည်။

လက်ရှိပြည်တွင်း သကြားစက်ရုံအများစုမှာ ကြံမှ သကြားသာထုတ်လုပ်နေပြီး အီသနောပါထုတ်လုပ်နိုင်သည့် စက်ရုံ အနည်းငယ်သာရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမန်း**





# ဩဂုတ်လအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်းထုတ်ပြန်

ဩဂုတ်လအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်း ထုတ်ပြန်ထားပြီး ဆန်ကြမ်းအုပ်စုအတွက် တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀ မှ ၈၀၀၀၀ ကြားနှင့် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ မှ ၁၄၅၀၀၀ ကြား သတ်မှတ်ထားကာ ယင်းဈေးနှုန်းအပေါ် ၈ ရာခိုင်နှုန်းထက် ပို၍ ရောင်းချခြင်းမပြုရန် စားသုံးသူရေးရာဦးစီးဌာနက အသိပေးချက် ထုတ်ပြန်ထားသည်။

ပြည်ပတင်ပို့သည့် ဆန်ကြမ်းအုပ်စုဖြစ်သည့် (ဧည့်မထ၊ငစိန်)၊ ဆင်းသုခ၊ သီးထပ်ရင်၊ ရတနာတိုး၊ ငစိန်ရာကျော်၊ ကရင်မ၊ ထွန်းပု၊ GW-11၊ စောရှုပ်၊ ၇၄၇၊ သီးပု၊ ရွှေမန်း စသော ဧည့်မထ၊ ငစိန် အုပ်စုဝင်ဆန်ကြမ်းများအတွက် ၁၀၈ ပေါင်၊ ၂၄ ပြည် ဆန်တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀ မှ ကျပ် ၈၀၀၀၀ ကြား သတ်မှတ်ထားသည်။

ပြည်ပတင်ပို့ခြင်းနှင့် ပြည်တွင်း စားသုံးမှုရှိသည့် ဆန်အုပ်စုဖြစ်သည့် ဇီယာ၊ ငွေတိုး၊ မင်းဧရာ၊ နံ့ကောက်၊ နွေ-မနောသုခ စသည့်တို့အား တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀ သတ်မှတ်ထားသည်။

မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် မြန်မာနိုင်ငံအထက်ပိုင်းမှထွက်သည့် အရည်အသွေးအထူးကောင်းမွန်သည့် ဆန်များဖြစ်သည့် ဧရာမင်း၊ ဧရာပဒေသာ၊ မဂျမ်းတောဆန်များအတွက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ မှ ၁၃၀၀၀၀ ကြား သတ်မှတ်ထားသည်။

ဧရာဝတီပေါ်ဆန်းဆန်များအတွက် ပထမတန်း(အဆင့်မြင့်) ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ ဒုတိယတန်း တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ မှ ၁၃၀၀၀၀ ကြားသတ်မှတ်ထားသည်။ ပေါ်ဆန်းအုပ်စုဖြစ်သည့် ခွံနီ၊ ပေါ်ကျွဲတစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ ဘေးကြား၊ ကြားပျံတစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ သတ်မှတ်ထားသည်။

ရွှေဘိုပေါ်ဆန်းအတွက် ပထမတန်း(အဆင့်မြင့်)တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ဒုတိယတန်း တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ သတ်မှတ်ထားသည်။

ဈေးကွက်အတွင်းရောင်းချရာတွင် အထက်ဖော်ပြပါ သင့်တင့်မျှတသော ရည်ညွှန်းဈေးများအပေါ် ၈ ရာခိုင်နှုန်းထက်ပို၍ ရောင်းချခြင်း မပြုရန်ဖြစ်သည်။

အထက်ပါ သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းတွက်ချက်မှုများမှာ အောက်ပါအချက်များကို အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်သည်-(က)စိုက်ပျိုးသူ တောင်သူများ၊ ဆန်စက်လုပ်ငန်းများ၊ သိုလှောင်ဖြန့်ဖြူးရောင်းချသူများနှင့် စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်းဖြစ်စေရန် ထည့်သွင်းစဉ်းစားမှု(ခ)ယခင်နှစ်ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ၊ ပြည်တွင်းဈေးကွက်ရှိ အခြားကုန်ဈေးနှုန်းများနှင့် ချင့်ချိန်ဆက်စပ် တွက်ချက်ထားခြင်းဖြစ်သည်။

ဝယ်ယူရန်အခက်အခဲရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် သင့်တင့်မျှတသော ဈေးနှုန်းများနှင့်ရောင်းချခြင်းမပြုသော အခြေအနေများကို သိရှိပါက စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ထံ အသိပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆည်ကုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများအား ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်၊ မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်း၊ ခရိုင်နှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ဆည်ကုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတွင် မြေသားအလွှာတင်ခြင်း ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

မိတ္ထီလာမြို့နယ်၊ ဆည်ကုန်းကျေးရွာ၌ အရှည်(၀/၆.၈၂)မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ မြေသားအလွှာခင်း၍ ရိုစာဂျင်းမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၆၅ ဒသမ ၁၅ ကျပ်သန်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်ရှိ Slab Culvert ၃'×၁၈'×၃' တစ်စင်း ခွင့်ပြုရန်ပုံငွေ ၄ ဒသမ ၅ ကျပ်သန်း စုစုပေါင်းခွင့်ပြုရန်ပုံငွေ ၆၉ ဒသမ ၆၅ ကျပ်သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ယခုနှစ် မေလ စတုတ္ထပတ်မှစ၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုမှာ ၄၆ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ကျေးရွာကုန်ထုတ်လမ်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဆည်ကုန်းကျေးရွာနှင့်အနီးရှိ မွေ့ကျေးရွာ၊ ဥယျာဉ်ကျေးရွာများမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧက ၃၀၀ ခန့်နှင့် မွေးမြူရေးလုပ်ငန်း၊ အခြားထုတ်ကုန်၊ ထွက်ကုန်များအား ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ အချိန်မီရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံက သိရသည်။ **(အောက်ပုံ)**

**(၄၆၉)**



# စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပုဗ္ဗသီရိ ဩဂုတ် ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က အသိပညာပေးဟောပြောခဲ့သည်။

ထိုဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ လူကုန်ကူးမှု အန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များအား ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သရက်မြို့၌ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲ ကျင်းပ



**သရက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လှူဒါန်းသည့်စာအုပ်များ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူပေါင်းဆောင်ရွက်မှုကော်မတီ၏ လမ်းညွှန်ထောက်ပံ့မှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်းမှာ ကျေးရွာအုပ်စုများဖြစ်ပြီး အလယ်တန်းကျောင်းရှိသည့် ကျေးရွာတစ်ရွာတွင် စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်ရန် တစ်တိုက်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် ၁၇ တိုက်အတွက် ငွေကျပ် သိန်း ၂၅၅၀ ရရှိပြီးဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိတဲ့ ကျေးလက်နေပြည်သူတွေ စာအုပ်၊ စာပေ ဖတ်ရှုဖို့ စာအုပ်၊ စာစောင်တွေ လက်လှမ်းတမီ ထားရှိပေးဖို့ စာကြည့်တိုက်တွေ ရှင်သန်ဖို့ အရေးကြီးသည့်အတွက် စာဖတ်ရှိန် မြှင့်တင်နိုင်ဖို့အတွက် စာအုပ်လှူဒါန်းပွဲတွေ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွေ ကျင်းပနေတယ်ဟု ပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာစာကြည့်တိုက် ၁၆ တိုက်အတွက် စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ် ၂၀ အုပ်နှုန်းဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စာကြည့်တိုက် ၁၆ တိုက်အား စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# စိုက်ပျိုးသီးနှံမျိုးစုံ ၁၅၀ ဧက ရေပြည့်ဝစွာပေးနိုင်ရေး သင်းတွဲမြောင်းတွင် တိုက်ရိုက်ရေပေးပြွန်များ ပြန်လည်ပြုပြင်

**ကျောက်ဆည် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်သည် ဆည်၊ မြောင်း၊ ချောင်း၊ ကန်ပေါများပြီး စိုက်ပျိုးရေးလုပ်ငန်းများ အဓိကထားစိုက်ပျိုးလျက်ရှိကြောင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးသီးနှံမျိုးစုံ ၁၅၀ ဧက ရေပြည့်ဝစွာပေးဝေနိုင်ရေး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သင်းတွဲမြောင်းတွင် တိုက်ရိုက်ရေပေးပြွန်များ ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်သည်။

ပြန်လည်ပြုပြင်ပေးခဲ့သည့် ရေပြွန်များသည် ကျောက်ဆည်မြို့နယ် ဗလီကွင်းကျေးရွာအနီးတွင်ရှိပြီး သင်းတွဲမြောင်း၏ဝဲဘက် ပေတိုင်အမှတ်(၃၆+၅၂၀)၊ (၃၆+၇၈၄)၊ (၃၈+၆၇၅)၊ မြောင်း၏ယာဘက် ပေတိုင်အမှတ်(၄၃+၈၇၀)၊ ရေပြွန်များဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၀၀၀ သန်း အကုန်အကျခံကာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူ၍ ရေပြွန်များအားလုံး၏ ရေပြွန်နဖူးစည်းများတွင် ရေတိုက်စားခြင်းမှကာကွယ်ရန်အတွက် ကျောက်သားနံရံများနှင့် ရေထိန်းတံခါးများ တပ်ဆင်ခြင်း၊ သံကူကွန်ကရစ် ရေပြွန်အသစ်များ တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ရေပြွန်အသစ်များ ပြန်လည်ပြုပြင်ပေးခဲ့ခြင်းကြောင့် သင်းတွဲမြောင်းမှ ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးနေသည့် ဗလီကွင်းကျေးရွာနှင့် အခြားကျေးရွာများမှ တောင်သူများ၏ သီးနှံမျိုးစုံစိုက် ၁၅၀ ဧကအတွက် ဆည်ရေများပေးဝေရာ၌ အချိန်နှင့်အညီ စနစ်တကျ အပြည့်အဝပေးဝေနိုင်ပြီဖြစ်သောကြောင့် ဒေသခံတောင်သူများ၏ ဆည်ရေသောက်သီးနှံများအားလုံး ရေပြည့်ဝစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၈၅)**

# နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက် မပြတ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၇ နာရီက နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် ခြင်နှင့်ယင်များကြောင့် ဖြစ်ပွားနိုင်သည့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများမဖြစ်ပွားစေရေး၊ ကျောင်းနှင့်ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**



စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးမောင်နှင့် ဝန်ထမ်းများ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချုပ်နှင့်ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ ကျောင်းဝန်းအတွင်းရှိ နွယ်မြက်သစ်ပင်များ၊ ချုံနွယ်များ၊ သစ်ကိုင်းအခြောက်များ၊ ပလတ်စတစ်အမှိုက်များအား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ထွက်ရှိလာသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဌာနပိုင်အမှိုက် သိမ်းယာဉ်နှစ်စီးဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။ **(၄၈၅)**

# စပါးစိုက်ဧကများအတွက် သွင်းအားစုများ ပြည့်ဝစွာသုံးစွဲနိုင်ရန်အတွက် ဈေးနှုန်းသက်သာစွာဖြင့် ဓာတ်မြေဩဇာအိတ် ၃၁၀၀၀ ကျော် ဖြန့်ဖြူးရောင်းချပေးထား

**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ စပါးစိုက်ပျိုးသည့် တောင်သူများ၏ စိုက်ဧကများအတွက် သွင်းအားစုများ ပြည့်ဝစွာသုံးစွဲနိုင်ရန်အတွက် ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားဓာတ်မြေဩဇာအိတ် ၃၁၀၀၀ ကျော် ဖြန့်ဖြူးရောင်းချပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတောင်သူများ၏ စပါးစိုက်ဧကများအတွက် အပင်၏ အဟာရဓာတ်များပြည့်ဝစွာသုံးစွဲနိုင်ရန် ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးရေးတောင်သူများကို ဖြန့်ဖြူးရောင်းချပေးသွားရန် စီစဉ်ထားရှိကြောင်း ရောင်းချပေးပြီး စပါးစိုက်ဧကများအတွက် အိတ်ပေါင်း ၃၁၀၀၀ ကျော်အိတ်တို့ကို ဖြန့်ဖြူးရောင်းချပေးထားသည်။

'ပြည်ပက တင်သွင်းတဲ့ မြေဩဇာတွေ ဈေးနှုန်းတွေ ကြီးမြင့်တဲ့အတွက် ပြည်တွင်းမှာ ထုတ်တဲ့စက်ရုံတွေက ဖြန့်ဝေရောင်းချပေးတာကြောင့် တောင်သူတွေ သက်သာသောနှုန်းထားနဲ့ ရမယ်။ အရေးကြီးနေတဲ့ ဆန်၊ စပါးထုတ်လုပ်မှုတိုးတက်ဖို့နဲ့ ဆီထွက်သီးနှံတွေ တိုးတက်ထုတ်လုပ်ဖို့ကို ရည်ရွယ်ပြီး သက်သာသောနှုန်းထားနဲ့ ရောင်းချပေးပါတယ်။ အဓိကတော့ စပါးကို အဓိက ဦးစားပေးရောင်းချပါတယ်။ မိုးရာသီမှာလည်း ဖြန့်ဖြူးရောင်းချပေးပါတယ်။ ယူရီးယားဓာတ်မြေဩဇာအိတ်တွေကိုတော့ သက်ဆိုင်ရာမြို့နယ်အလိုက်ကို ပေးပြီးပါပြီ။ သူတို့ကမှတစ်ဆင့် တောင်သူတွေဆီကို ဖြန့်ဖြူးရောင်းချပေးသွားမှာပါ။ ခုလိုဆောင်ရွက်ပေးတာကလည်း ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာနဲ့ တောင်သူတွေ ဝယ်ယူအသုံးပြုနိုင်စေဖို့ ရည်ရွယ်တာပါ' ဟု ၄င်းက ရှင်းပြသည်။

အဆိုပါ ယူရီးယားဓာတ်မြေဩဇာများကို ရောင်းချပေးမည့် ခရိုင်များမှာ ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ တံတားဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မဟာအောင်မြေခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ သပိတ်ကျင်းခရိုင်၊ အမရပူရခရိုင်၊ အောင်မြေသာစံခရိုင် စသည့် ခရိုင်အလိုက် မြို့နယ်များရှိ တောင်သူများကို ယူရီးယားဓာတ်မြေဩဇာများကို ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၃၄)**

# ပြည်တွင်းဖရဲစိုက်တောင်သူများ အရည်အသွေးကောင်းဖရဲမျိုးများကို ပြောင်းလဲစိုက်ပျိုးလာ

ပြည်တွင်းဖရဲစိုက်တောင်သူများအနေဖြင့် ယခင်တရုတ်နိုင်ငံတင်သွင်းသည့် ဖရဲမျိုးများကို စိုက်ပျိုးခြင်းမရှိတော့ဘဲ အရည်အသွေးကောင်းကိုရီးယားဖရဲမျိုးများကို ပြောင်းလဲစိုက်ပျိုးလာကြောင်း တောင်သူများထံက သိရသည်။

ယခင်က တရုတ်နိုင်ငံမှ အရည်အသွေးညံ့ ဖရဲမျိုးများကို စိုက်ပျိုးသဖြင့် စိုက်ပျိုးစရိတ်ကြီးမြင့်မှုနှင့်အထွက်နှုန်းအရည်အသွေး ကျဆင်းမှုများကြောင့် တောင်သူများ အရှုံးပေါ်ခဲ့ကြသည်။

ယခုအခါ ကိုရီးယားနိုင်ငံမှ တင်သွင်းသည့် ဖရဲမျိုးများကို ပြောင်းလဲစိုက်ပျိုးလာရာ စိုက်ပျိုးစရိတ်လျှော့ချနိုင်ခြင်း အရည်အသွေးကောင်း အသီးထွက်နှုန်းမြင့်မားသည့် ကိုရီးယားဖရဲမျိုးများကို ပြည်တွင်းတောင်သူများ ပြောင်းလဲစိုက်ပျိုးလာရာ ဈေးကွက်အတွင်း ဈေးကောင်းရရှိနေကြောင့် ဖရဲစိုက်ပျိုးရောင်းဝယ်ထုတ်လုပ်နေသူ ဦးသစ္စာက ပြောသည်။

'တရုတ်နိုင်ငံကထုတ်လုပ်တဲ့ ၈၅၅ မျိုးတွေက OP မျိုးတွေဖြစ်တော့ ရာသီဥတုဒဏ် ပိုးမွှားဒဏ်၊ အသီးအရည်အသွေး၊ တာရှည်ခံမှု၊ အဝေးတင်နိုင်မှုတွေ မရှိတော့ တောင်သူတွေ အမြဲအရှုံး ပေါ်နေပါတယ်။ ယခုအခါ ကိုရီးယားနိုင်ငံက တိုက်ရိုက်တင်သွင်းတဲ့ Mekong 709 မဲခေါင် F1 မျိုးတွေကို ဇူလိုင်လဆန်းပိုင်းမှစတင်ရောင်းချပေးနေပါပြီ။ မနှစ်ကလည်း ဒီမျိုးတွေကို စိုက်ပျိုးတဲ့တောင်သူတွေအနေနဲ့ အကျိုးအမြတ်များပြီး ဈေးကွက်မှာ နာမည်ကောင်းရရှိထားပါတယ်။ စားသုံးသူတွေကလည်း ဒီမျိုးဆို ပိုမိုကြိုက်နှစ်သက်ကြပါတယ်'ဟု ၄င်းက ပြောသည်။

အဆိုပါ Mekong 709 မဲခေါင် F1 မျိုးမှာ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်း၊ မျိုးရိုးဗီဇမှန်ကန်ခြင်း၊ အသီးကြီးထွားမှုနှင့် အရွယ်တူညီခြင်း၊ အဝေးတင်ခံနိုင်ခြင်း၊ အချိုဓာတ်ကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ထိုင်းနိုင်ငံဈေးကွက်မှာပါ နာမည်ကောင်း ရရှိထားသည်။

လက်ရှိတွင် မိုးရာသီစိုက်ဖရဲရာသီတွင် နေပြည်တော်၊ ပဲခူး၊ မွန်ပြည်နယ်များတွင် စိုက်ပျိုးလျက်ရှိပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေးဈေးကွက်များသို့ တင်ပို့ရောင်းချရန် တောင်သူများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**



## ဝတ္ထုတိုကဏ္ဍ

# အရိပ်မဲ့ဘဝလမ်း

ချမ်းမြေ့မိုး
မန္တလေး



**၂၉–၇–၂၀၂၄ ရက် စာမျက်နှာ ၁၄မှ အဆက်**

ဒီလို ပေးဆပ်ခဲ့ရတဲ့ နေ့တွေ၊ လတွေ၊ နှစ်တွေကြာလာတဲ့အတွက် ဒီနေ့ဆိုရင် ကိုသြ ခဗျာ ဆင်းရဲပင်ပန်းတဲ့ ဒဏ်တွေဆက်ပြီး ခံနိုင်ရည်မရှိတော့တဲ့အတွက် အိပ်ရာထဲမှာ လဲရှာပါပြီ။ ကိုသြက တောင့်တင်းခိုင်မာတဲ့ ယောက်ျားတစ်ယောက်ပါ။ သူ့ကိုယ်သူ ကျန်းမာရေးကောင်းသူ၊ ခံနိုင်ရည်ရှိသူလို့လည်း ယုံကြည်ထားသူပါ။ ဟုတ်လည်း ဟုတ်ပါတယ်။ တော်ရုံ၊ တန်ရုံ၊ ဖျားရုံ၊ နာရုံ လောက်ကတော့ သူမမှုပါ။ ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး အလုပ် လုပ်ခဲ့သူ လုပ်နေသူပါ။ဒါပေမယ့်လည်း ဒီတစ်ခါတော့ ကိုသြတောင့်ပြီး မခံနိုင်တော့ပါ။ အိပ်ရာထဲကနေ ကြိုးစားပြီး ရုန်းထကြည့်ပါတယ်။ မရတော့ပါ။ ကိုသြလက်လျှော့ပြီး အိပ်ရာထဲမှာပဲ တစ်လကျော်ကျော်လောက် နေရင်းကနေ ကွယ်လွန်သွားရှာပါတယ်။ ကိုသြမှာ ဝေဒနာတွေ ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ကြားကပင် သားလေးအတွက် စိတ်မချနိုင်ဘဲ သားလေးကို ထူးချွန်ထက်မြက်တဲ့ ပညာတတ်ကြီးတစ်ယောက် ဖြစ်အောင်လုပ်ပေးဖို့ မချောကို အတန်တန်မှာသွားပါတယ်။ သားကိုချစ်တဲ့ ကိုသြ၊ သားကို ပညာတတ်ကြီးဖြစ်စေချင်တဲ့ ကိုသြ၊ သားလေးအတွက် အပင်ပန်းခံ၊ အဆင်းရဲခံပြီး လုပ်ကျွေးခဲ့သော ကိုသြ၊ အခုတော့ သားအတွက် သူ့အသက် ပေးဆပ်ရင်း ဖခင်ကောင်းပီသစွာနဲ့ ထွက်ခွာသွားပါပြီ။ မချောကတော့ ကိုသြရဲ့အဖြစ်ကို ကြည့်ပြီး ရင်ထဲက ဆို့နစ်ပြီး ဘာမှမပြောနိုင်တာကြောင့် ကိုသြမှာသွားသမျှတွေကို ခေါင်းညိတ်ဝန်ခံလိုက်ပါတယ်။

ကိုသြရှိစဉ်တုန်းကတော့ သားလေးရဲ့ တာဝန်ကို မောင်တစ်ထမ်းမယ်တစ်ရွက်ပုံစံမျိုးနဲ့ မျှယူထမ်းခဲ့ပေမယ့် အခု ကိုသြမရှိတော့ဘူးဆိုတော့ မချောတစ်ယောက်ထဲ ထမ်းလည်း ထမ်းရတော့မယ်။ ရွက်လည်း ရွက်ရတော့မှာပေါ့။ မချော ခံနိုင်ရည်ရှိပါ့မလားဆိုပြီး အများက စိုးရိမ်သနားနေကြပါတယ်။ ဒါပေမယ့်လည်း မချောကတော့ မမှုပါ။ အပြုံးမပျက်ပါ။ ရေဆန်ကို ဆန်ဖို့အင်အားသစ်တွေ တစ်ဖန်မွေးဖွားလိုက်ပြီး ဘဝကို စိန်ခေါ်လိုက်ပါတယ်။ ဒီလိုနဲ့ပဲ သားလေး ငါးနှစ်ပြည့်နှစ်ချိန်မှ ကျောင်းထားလိုက်ပါတယ်။ ကျောင်းက ထမင်းစားဆင်းချိန်မှာ သားလေးအိမ်အပြန် လမ်းမှာကား၊ ရထားတွေ စိတ်မချလို့ အိမ်ကို မပြန်သေးဘဲ မချောက ထမင်းချိုင့်ယူပြီး သားလေးကို တစ်ယုတစ်ယခွံ့ကျွေးပေးပါတယ်။ ကျောင်းဆင်းချိန်လည်း သွားကြိုပြီး တစ်ခါတစ်ရံ မိုးရွာချလို့ လမ်းမှာ ရေတွေ ဗွက်တွေ ရှိနေရင် မချောက သားလေးကို ကျောပိုးပြီး ခေါ်ပါတယ်။ ဘေးက လူတွေက မချောအဖြစ်ကို ကြည့်ပြီး ကဲ့ရဲ့ကြပေမယ့် မချောကတော့ ဂရုမစိုက်ပါ၊ သားလေးကို ချစ်တာကိုး ဖြစ်နိုင်ရင် ပါးစပ်ထဲတောင် ငုံထားလိုက်ချင်သေး၊ ဒီထိအောင် သားလေးကို ချစ်တဲ့သူပါ။ မချောလည်း ဈေးရောင်းရ၊ ထမင်း၊ ဟင်းချက်ရ၊ အဝတ်တွေ လျှော်လိုက်ရ၊ သားလေးကို ကျောင်းပို့၊ ကျောင်းကြိုလုပ်လိုက်ရနဲ့ တစ်နေကုန်ကို နားရတယ်ကို မရှိရှာပါဘူး။ ညအိပ်ရာဝင်ချိန်ဆိုရင် တစ်ကိုယ်လုံး ထုံကျင်ကိုက်ခဲပြီး တော်တော်နဲ့ မအိပ်နိုင်ရှာပါ။ ဒါတွေ နေ့စဉ် ခံစားရပါများတော့ မချောစိတ်ညစ်ပြီး သူ့မအပေါ်မှာ ပိနေတဲ့ သားတာဝန် ဝန်ထုပ်ကြီး လွှတ်ချပစ်ချင်စိတ်တွေ ပေါက်လာပါတယ်။ ဒါပေမယ့်လည်း ဒီလို လုပ်လိုက်ရင် ကိုသြရဲ့ဆန္ဒတွေ ဆန့်ကျင်ရာရောက်သလို သားလေးရဲ့ ပညာရေးလည်း ပန်းတိုင်မရောက်ဘဲ လမ်းခုလတ်တင် ဆုံးသွားနိုင်တာပေါ့။ အဲဒါကြောင့် မချောလည်း ကျဆင်းနေတဲ့ သူ့စိတ်ဓာတ်တွေ အဆုံးထိ မြှင့်တင်လိုက်ပြီး အားလုံးကို ရင်ဆိုင်ဖို့ အသင့်ပြင်ဆင်ရပြန်ပါတယ်။

သားလေးထူးချွန်ကလည်း ကြိုးစားရှာပါတယ်။ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်တွေကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ရာ ဒီနှစ်ဆိုရင် အထက်တန်းအဆင့်ဖြစ်တဲ့ ၉ တန်းတက်ရတော့မှာပါ။ အခု သူနေတဲ့ကျောင်းဆိုတော့ အထက်တန်းကျောင်းကို ပြောင်းရွှေ့ရတော့မှာပေါ့။ ဒီမှာတင် သားလေးက သူ့သူငယ်ချင်းတွေနဲ့နည်းတူ စက်ဘီးနဲ့ကျောင်းတက်ချင်တယ်ဆိုလို့ အမေဖြစ်တဲ့ မချောက မရှိတဲ့ကြားထဲကနေ သူတို့အိမ်ထောင်ဦးတုန်းက ကိုသြဝယ်ဆင်ထားတဲ့ သူမရဲ့ နားကပ်ကို ရောင်းချပြီး ဝယ်ပေးလိုက်ပါတယ်။ အဲဒီတုန်းက အစ်မဖြစ်တဲ့ ဒေါ်ချက်က ဆိုလိုက် ပြောလိုက် အပြစ်တင်လိုက်တာတွေများ ပြောလို့ကို မပြီးတော့ဘူး။

"အစ်မရယ် သားလေးကို အောက်တန်းမကျအောင် လုပ်ပေးရမှာပေါ့။ ကျုပ်နားကပ်မဝတ်ရလည်း ဘာမှမဖြစ်ဘူး။ ဒီအရွယ်ရောက်မှတော့ ဒါတွေ မလိုတော့ပါဘူး အစ်မရယ်၊ သားလေးပျော်နေရင် ပြီးတာပဲ"

"အေးအေး ကျပ်ကျပ်အလိုလိုက်၊ တစ်နေ့ကျရင် ညည်းဒုက္ခရောက်မှာ မြင်ယောင်နေသေး၊ အင်း"

သားလေးကလည်း ချီးမွမ်းရကျိုးနပ်ပါတယ်။ ၉ တန်းကိုလည်း နှစ်ချင်းပေါက်အောင်ပြန်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ၁၀ တန်းကို တက်ရတော့မှာပါ။ ၁၀ တန်းဆိုတာ ကျောင်းသား၊ ကျောင်းသူတွေအတွက် အခက်ခဲဆုံးအဆင့်တစ်ခုဖြစ်ပါတယ်။ ဒီအခက်အခဲကြီးကို ကျော်လွှားနိုင်မှ သူတို့အိပ်မက်တွေ အကောင်အထည်ဖော်နိုင်မှာဖြစ်ပြီး ဘဝအတွက်လည်း သာယာဖြောင့်ဖြူးကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအခက်အခဲကို ကျော်လွှားနိုင်ဖို့အတွက် သားလေးထူးချွန်လည်း ကြိုးစားအားထုတ်ရှာပါတယ်။ ကျောင်းကနေ အိမ်ပြန်ရောက်ရင် အိမ်စာတွေ လုပ်တယ်။ ပြန်လှန်လေ့ကျင့်ခန်းတွေ လုပ်တယ်။ တစ်နေ့တာ သင်ယူခဲ့ရတဲ့ ကျက်စာတွေကို အရ ကျက်မှတ်တယ်၊ တကယ့်ကို အဆင်ပြေတဲ့ အချိန်ပါပဲ။ ညပိုင်းမှာ သားလေးရဲ့ စာကျက်သံတွေနဲ့ အိမ်မှာ ကျက်သရေရှိနေတယ်လို့ မချော ခံစားနေရပါတယ်။ ပီတိဖြစ်ပြီး ပျော်နေရှာပါတယ်။ သားလေးစာကျက်တဲ့နေရာမှာ ရေဘူးတို့ စားစရာ မုန့်လေးတွေ ချပေးတတ်ပါတယ်။ ဒီလိုသာ သားလေးဆက်ပြီး ကြိုးစားရင် ၁၀ တန်းကိုလည်း နှစ်ချင်းပေါက်အောင်မှာပဲ"လို့ မချောက အပိုင်တွက်နေရှာပါတယ်။

ဒါပေမယ့်လည်း ထူးချွန်ရဲ့ စာကြိုးစားမှုဟာ ကောက်ရိုးမီးတစ်မျှသာ ရေရှည်မခံခဲ့ပါ။ ၁၀ တန်းနှစ်ဝက်ကျော်ကျော်လောက်မှာ ထူးချွန်ရဲ့ စာကျက်သံတွေ တိတ်ဆိတ်သွားပါတယ်။ အမေက "သားလေး စာမလုပ်ဘူးလား" မေးရင် "ကျောင်းက လုပ်ပြီးပြီ" လို့ ပြောပါတယ်။ မချောမှာတော့ စာကလည်း မတတ်၊ ကျောင်းစာတွေနဲ့ ပတ်သက်ပြီးလည်း နားမလည်ရှာတော့ သားပြောသမျှကိုပဲ ယုံနေရပါတယ်။ တစ်ကယ်တော့ ထူးချွန်လိမ်ညာနေခြင်းပါ။ အခုချိန်မှာ သူဟာ ကျောင်းစာထက် အပျော်အပါးဖက်ကို အားသာနေခြင်းပါ။ ကျောင်းဆင်းချိန်ဆို အိမ်မပြန်ဘဲ သူငယ်ချင်းတွေနဲ့စုပြီး ရုပ်ရှင်ကြည့်တယ်။ ငါးမျှားထွက်တယ်။ ပန်းခြံတွေ သွားတယ်။ အိမ်အပြန်နောက်ကျလို့ အမေက မေးရင်လည်း အချိန်ပိုတက်နေရလို့လို့ ပြောလေ့ရှိတယ်။ ပြောရရင် ကျောင်းသာတက်ပြီး ထူးချွန် စာမကြိုးစားခဲ့ပါ။ ဒီပုံစံ ဒီအချိုးနဲ့ ၁၀ တန်း စာမေးပွဲဖြေတော့ အောင်ပါ့မလား၊ ပထမနှစ်ကျတာပေါ့၊ ဒုတိယနှစ် ရောက်တော့လည်း ဒီပုံစံမပြောင်းဘူး၊ စာမေးပွဲဖြေတယ်၊ မအောင်ဘူး၊ တတိယနှစ်မှာလည်း ရှုံးတယ်၊ ဒီလိုနဲ့ ၁၀ တန်း ၃နှစ်ကျခဲ့ပြီး ထူးချွန်ကျောင်းပြီးခဲ့ရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ထူးချွန် ဘာမှမဖြစ်ပါ။ ဝမ်းမနည်းပါ။ သူ့ဘဝ ပျော်ပျော်ပါဘဲ။

ဒီတစ်ခါ တစ်ကယ်တမ်း ဖြစ်ရှာရတာက မိခင်ကြီး မချောပါပဲ။ တစ်ကယ်တမ်း ဝမ်းနည်းပြီး ဝမ်းနည်းပြီး ငိုနေရတာကလည်း မချောပါပဲ။ ဟုတ်ပါတယ်။ မိခင်ကြီး မချောမှာတော့ သားလေး နောင်ရေးပူရသလို ကိုသြနဲ့ သူမရဲ့ မျှော်လင့်ချက်တွေလည်း မှေးမှိန်သွားပြီလို့ ထင်လို့ပါ။ ပြီးတော့ သားလေးအတွက် အသက်ပေးလုပ်ကိုင်ကျွေးမွေးသွားတဲ့ ဖခင်ကြီး ကိုသြရဲ့ စွန့်စားရကျိုးတွေ အခု မချောရဲ့ ချွေးနဲ့ပေးဆပ်ပြီး လုပ်ကိုင်ကျွေးမွေးရကျိုးတွေလည်း အလဟဿဖြစ်ကုန်ပြီလားလို့ တွေးမိလို့ပါ။ မချော ဒီအတွေးတွေကြောင့် ဝမ်းနည်းနေရပါတယ်။ ငိုကြွေးနေရပါတယ်။ ကြေကွဲနေရပါတယ်။ ရင်နာနေရပါတယ်။ မချောအနေနဲ့ သူမရဲ့ ခံစားနေရတဲ့အတိုင်း ပြောလိုက်ရင် သားလေး စိတ်ဆင်းရဲမှာစိုးတဲ့အတွက် သူမရဲ့စိတ်ကိုပဲ ထိန်းချုပ်ပြီး ကြိတ်မှိတ်ပဲ ခံစားနေရရှာပါတယ်။ သူ့အလုပ် သူပဲ ပုံမှန်မပျက် ဟန်မပျက်ဘဲ လုပ်ကိုင်ပဲ နေရပါတယ်။

သားဖြစ်တဲ့ ထူးချွန်ကတော့ အမေခံစားနေရတဲ့ ခံစားချက်တွေကို မသိပါ။ မျက်နှာရိပ် မျက်နှာကဲလည်း မရိပ်မိပါ။ သူ့ပုံစံအတိုင်း အမေ့ဆီက မုန့်ဖိုးတောင်းမယ်။ လက်ဖက်ရည်ဆိုင်ထိုင်မယ်။ အချိန်ဖြုန်းမယ် ဒါတွေနဲ့ပျော်နေပါတယ်။ အမေ့ကို ကူညီလုပ်ကိုင်ပေးဖို့ဆို ဝေလာဝေးပဲ။ ထမင်းစားတဲ့အခါ အသားဟင်းမပါရင် စိတ်ဆိုးချင်သေး၊ အပြစ်ပြောချင်သေး။ ဒီနေ့ ဒီအချိန်မှာ ဟင်းတစ်ခွက်ရဖို့ ဘယ်လိုခက်ခဲကြောင်း၊ ဆန်တွင်း ဘယ်လောက်နက်ကြောင်း သူမသိပါ။ သူသိတာက သူလိုချင်တာရဖို့ပါပဲ။ သူလိုချင်တာမရရင် ထမင်းမစား၊ အပြင်မထွက်တော့ဘဲ စောင်ကြီးခြုံပြီး တစ်နေကုန်အိပ်တော့တာပါပဲ။ အသံတိတ်ဆန္ဒပြတဲ့ သဘောပေါ့။ မိခင်ကြီး မချောက မေးတော့ သားရဲ့ အဖြစ်ကို မကြည့်ရက်နိုင်တာကြောင့် နောက်ဆုံးတော့ လက်လျှော့ပေးပြီး သူလိုရာ ဝယ်ပေးလိုက်ရတာပါပဲ။ သား၊ သမီးကို နိုင်တဲ့ မိဘလောကမှာ မရှိဘူးလို့ အဆိုရှိခဲ့တယ် မဟုတ်ပါလား၊ ကြည့်ဦးလေ ထူးချွန် အလိုက်မသိပုံတွေများ ကြည့်ပါဦး၊ ဟိုတလောက ဘောလုံးကန်ချင်တယ်ဆိုလို့ ဂျာစီအင်္ကျီ၊ ဘောင်းဘီနဲ့ ဘောလုံးကန်ဖိနပ်တဲ့ အဲဒီနောက် ဘာကြာလို့လဲ ဂစ်တာတီးချင်လို့တဲ့ ဂစ်တာဝယ်ခိုင်းပြန်တယ်။ မိခင်ကြီး ဆင်းဆင်းရဲရဲလုပ်ကိုင်နေရပါလားဆိုတာ ထည့်ပြီးမတွက်ပါ။ သူလိုချင်တာပဲ ရှေ့တန်းတင်တဲ့သား၊ သူ့လောက် မိုက်တဲ့သား ရှိပါဦးမလား မိခင်ကြီးကတော့ ဘာပဲဖြစ်ဖြစ် သားလေးစိတ် ချမ်းသာရင် ပြီးရောဆိုပြီး နေ့တိုးနေ့ပြန်တွေယူပြီး ဝယ်ပေးလိုက်တာပါပဲ။ ဒါတင်ပြီးပြီလား၊ မပြီးသေးပါ။ ရန်ဖြစ်လာလို့ ရပ်ကွက်ရုံး၊ ရဲစခန်းတွေ လိုက်ပြီး ဝန်ခံကတိတွေ လုပ်ပေးရ၊ နစ်နာသူဖက်ကိုလည်း ကျေနပ်အောင် တောင်းပန်ပြီး ဆေးဖိုးဝါးခတွေ ပေးလိုက်ရနဲ့ မချောတော်တော်လေးကို ဒုက္ခရောက်ခဲ့ရပါတယ်။ ငယ်ငယ်က ချစ်လွန်းလို့ အလိုလိုက်ခဲ့သမျှတွေ အခုတော့ မှားပါပေါ့လားဆိုပြီး မချောတစ်ယောက်ထဲ ကြိတ်ငိုခဲ့ရပါတယ်။ ပတ်ဝန်းကျင်ကလည်း မချောကို ကြည့်ပြီး သနားပြီး မိခင်ကြီးရဲ့ မေတ္တာ၊ စေတနာတွေ ကျေးဇူးတွေ ထူးချွန်သိစေချင်နေကြပါတယ်။ ဒါပေမယ့်လည်း ထူးချွန်ကတော့ မသိပါ။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**အောင်လံ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှကြီးကြပ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ပြည်သူများသိရှိနိုင်စေရန်အတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေး လက်ကမ်းစာစောင်များကို ဩဂုတ် ၃ရက် နံနက် ၈ နာရီက လမ်းသွားလမ်းလာပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။



အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်၊ သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများ၊ သန်းခေါင်စာရင်းထည့်မကောက်ရမည့်သူများ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် မေးမြန်းမည့်မေးခွန်းများ၊ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) သို့မဟုတ် ပုံစံ(၁၀) စစ်ဆေးခြင်းမဟုတ်ပါ၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးရမည့်အချက်များ ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်းမပြုရ၊ မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်းအားဖြင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်မည့်အချက်များ၊ Mobile Tablet များအသုံးပြု၍ သန်းခေါင်စာရင်းကောက်ယူမည်စသည့် အကြောင်းအရာများကို အောင်လံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ ပူးပေါင်း၍ ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အာကာ(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန္နရလေး

# အခမ်းအနားမှူးသင်တန်းဖွင့်လှစ်သင်ကြား

**ကျောက်ဆည် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ အမှတ်(၁)အခြေခံပညာ အ·ထ·ကကျောင်း (၃)ထပ်အဆောင်ခန်းမတွင် အခမ်းအနားများကျင်းပရာတွင် အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေး အခမ်းအနားမှူးသင်တန်းကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အခမ်းအနားမှူးသင်တန်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက အခမ်းအနားမှူး အဓိပ္ပာယ်နှင့် အခမ်းအနားမှူးတစ်ယောက်တွင် ရှိရမည့် အရည်အချင်းများဖြစ်သည့် သတ္တိ၊ သတိ၊ သိတတ်မှုများ၊ ရုပ်ပိုင်းဆိုင်ရာများဖြစ်သည့် မျက်နှာ၊ ဆံပင်၊ ဝတ်စားဆင်ယင်ခြယ်သမှု၊ ကိုယ်ဟန်အမူအရာ၊ ကျန်းမာရေးနှင့်စိတ်ပိုင်းဆိုင်ရာများ၊ အသံပိုင်းဆိုင်ရာများဖြစ်သည့် စကားပြော၊ လေယူလေသိမ်း၊ အဖြတ်အတောက်၊ အသံထွက်ပုံများ၊ အသုံးအနှုန်းဝေါဟာရများကို မှန်ကန်စွာပြောကြားရေး၊ အစီအစဉ်အပြောင်းအလဲနှင့် ကြားဖြတ်ကြေညာခြင်းများ၊ ထူးခြားသော အခမ်းအနားများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးအေးလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကို နည်းပြသင်ကြားသူများဖြစ်သည့် ဒေါ်အေးလွင်၊ ဒေါ်အေးသင်း၊ ဒေါ်သီတာမြင့်၊ ဒေါ်သင်းရီနွယ်တို့က အခမ်းအနားများတွင် အခမ်းအနားမှူးများ ကြိုတင်ပြင်ဆင်ထားရမည့် အစမ်းလေ့ကျင့်မှု၊ အချိန်ကိုက်မှု၊ မိုက်ကရိုဖုန်းအသုံးပြုပုံများ၊ အခမ်းအနားပြင်ဆင်ထားရှိမှု၊ အတူတွဲ၍ လုပ်ကိုင်ရမည့်သူများ၊ ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမှုများနှင့် အခမ်းအနားအမျိုးမျိုးအကြောင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားခဲ့ကြောင်းနှင့် သင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ၊ ဆရာမ ၁၈၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)





# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၄**

မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲက အဆိုပါမြို့နယ်ရှိ အ·ထ·က(၂၇)ကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက လူငယ်နှင့်အားကစားအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာပေဗဟုသုတကြွယ်ဝဖို့ လူတိုင်းစာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဦးစီးအရာရှိ ဦးနွယ်အေးချိုက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် လူငယ်ရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးတာဝန်ခံက ကျောင်းသား၊ ကျောင်းသူများအတွက် ပိုက်ကျော်ခြင်း၊ ခြင်းလုံးနှင့်ဘော်လီဘော အစရှိသည့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ အောင်သက်ဆွေက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခရိုင်ပြန်/ဆက်)

## စံကားဝါရွှေမြေ

* စံကားဝါရွှေ ဝန်းရံပတ်
ပုပ္ပါးတောင်တော် ရွှေတောင်မြတ်။
* သစ်ရိပ်ဝါးရိပ် အေးစိမ့်စွာ
တောလုံးမွှေးမြ ပန်းစံကားဝါ။
* မင်းမဟာဂီရိ နတ်မောင်နှမ
စံပျော်ကြရာ ဘုံဌာန။
* မောင်တော် နှမတော် ရေတံခွန်နှစ်ဖြာ
ကြည်လင်အေးမြ လှပစွာ။
* ဖေဇော်ဂျီတွေ ဆေးမြစ်သွေး
ကျောက်ပျဉ်ကြီးလည်း တွေ့နိုင်သေး။
* သုံးဆယ့်ခုနစ်မင်း နတ်ရုပ်ပုံ
ဇာတ်လမ်းစုံစုံ လေ့လာမကုန်။
* လွမ်းမောဖွယ်ရာ ဇာတ်လမ်းက
ကိုဗျတ္တနဲ့ မယ်ဝဏ္ဏ။
* သားငယ်ပိုက်လို့ မျောက်ကြီးခုန်
လွတ်ကျသွားမလား ရင်တွေတုန်။
* စောင်းတန်းဘေးက ဈေးတန်းလေး
ဆေးမြစ်စုံစုံ ဝယ်ဖို့ရွေး။
* သစ်ဥ သစ်ဖု ဆေးမြစ်စုံ
စကားဝါမြေရဲ့ ဒေသကုန်။
* ကျောက်ပန်းတောင်းက အာလူးကြော်
စားကောင်းလှလို့ နာမည်ကျော်။
* နှုတ်ညှံ့ချိုရှု ထန်းလျက်ချိုမွှေး
အိမ်ပြန်လက်ဆောင်ဝယ်ခဲ့သေး။ ။

ခင်ဆွေလှိုင်(ပန်းချီ)



## သတင်းပဒေသာ

### သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(နေပြည်တော်)တို့ ပူးပေါင်း၍ ကျောင်းသား လူငယ်များ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွား စေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(နေပြည်တော်)၌ ကျင်းပခဲ့ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်

မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့တစ်မြို့ဖြစ် လာစေရေးအတွက် ပလတ်စတစ်များ၊ တစ်ခါသုံးကြွပ်ကြွပ် အိတ်များနှင့် ရေသန့်ဘူးများသုံးစွဲခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများဖြစ်ပေါ်ခြင်းကို လျှော့ချနိုင်ရန် ရည်ရွယ်၍ အသိ ပညာပေးလှုပ်ရှားဆောင်ရွက်မှုကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက မကွေးမြို့ရှိ ကန်သာဈေး၊ မြို့မဈေး၊ မင်္ဂလာဈေး၊ ရန်ပယ်ဈေးနှင့် ပြည်တော်သာဈေးများတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စွန့်ပစ်အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေး ဆွေးနွေး

ကချင်ပြည်နယ် ဝိုင်းမော်မြို့ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ပေါ် ရပ်ကွက်(၅)ခုနှင့် မုတ်လွဲကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ ဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားခန်းမ၌ ကျင်းပခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### တည်ဆောက်ရေးလုပ်ငန်းများ လျာထားနိုင်ရေး တွေ့ဆုံဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံး၊ ငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ လျာထားနိုင်ရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေး ပွဲကို ယမန်နေ့ နံနက်(၉)နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ သွေးလွန်တုပ်ကွေး ရောဂါနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ရေး ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ယမန်နေ့ နံနက် ၁၀ နာရီက ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ လုပ်သားရွာ၊ ဓမ္မာရုံတွင် ကျန်းမာရေးဝန်ထမ်းများနှင့်တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဝါတွင်းကာလ တတိယဆွမ်းလောင်းပတ်အဖြစ် ဓမ္မာရုံဘုရားများတွင် ဆွမ်းလောင်းလှူကုသိုလ်ယူသူများဖြင့် စည်ကား

**ကျောက်ပန်းတောင်း ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၌ ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံဘုရားများတွင် ဝါတွင်းကာလတတိယ ဆွမ်းလောင်းပတ်အဖြစ် ဆွမ်း၊ ဆွမ်းဟင်းလောင်းလှူ ကုသိုလ်ယူ သူများဖြင့် စည်ကားလျက်ရှိ သည်။ **(အောက်ပုံ)**

ကျောက်ပန်းတောင်းမြို့နယ် တွင် ရပ်ကွက်ကြီး ၁၂ ရပ်ကွက် ရှိရာ ရပ်ကွက်အသီးသီး၌ ဆွမ်း လောင်း ဓမ္မာရုံများရှိကြသဖြင့် ဝါတွင်းကာလတွင် ရပ်ကွက်နေ ပြည်သူများက ဆွမ်းကို ဝါတွင်း ပတ်တိုင်း လောင်းလှူနိုင်ကြ သလို၊ ဆွမ်းဟင်းကို နယ်မြေ အလိုက် အလှည့်ကျလောင်းလှူ၍ ကုသိုလ်ယူကြသည်။ အဆိုပါ ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူ ခြင်းကို ဓမ္မာရုံများတွင် အကျိုး တော်ဆောင်များ၊ ရပ်မိရပ်ဖများ က ဦးဆောင်ကျင်းပကြခြင်းဖြစ် ပြီး၊ အလှူခံကြွရောက်လာသည့် ကျောင်းတိုက်အသီးသီးမှ သံဃာ တော်များ၊ ရှင်သာမဏေများက မိမိတို့ ကျောင်းတိုက်များမှ ဝေယျာဝစ္စဆောင်ရွက်သူများ နှင့်အတူ အလှူခံကြွရောက်ကြ ရခြင်းဖြစ်ပြီး ဆွမ်းဟင်းများကို မိမိတို့ကျောင်းရှိ သံဃာစာရင်း အလိုက် အလှူခံကြရကြောင်း သိရ သည်။ ရပ်ကွက်နေပြည်သူများ ကလည်း ဆွမ်းဟင်းလောင်းလှူ ရသည့် ဆွမ်းပတ်ရောက်သည့် အခါတိုင်း လောင်းလှူရမည့် ကျောင်းတိုက်၊ သံဃာအရေ အတွက်ထက် ပိုမို၍ ချက်ပြုတ် ကြရပြီး၊ ဆွမ်းဟင်းလောင်းလှူ ခြင်းပြီးစီးပါက မိမိတို့အနီး ပတ်ဝန်းကျင်မှ အိမ်နီးချင်းများ အား ဟင်းတစ်ခွက်လှည့်လည် ပေး၍ မျှဝေစားသောက်ကြသည့် ချစ်စရာဓလေ့တစ်ခုလည်း ယနေ့ တိုင် စွဲမြဲစွာကျင့်သုံးလျက်ရှိနေ ကြကြောင်း သိရသည်။ **(၄၅၆)**



## ကျောင်းသား၊ ကျောင်းသူများ အသိပညာပြန့်ပွားရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန နှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာပြန့်ပွားရေးနှင့်စာဖတ် သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ ဩဂုတ် ၁ ရက်၊ နံနက် ၉ နာရီက အခြေခံ ပညာအထက်တန်းကျောင်း (ညောင်ဦး)သို့သွားရောက်၍ နယ် လှည့် စာကြည့်တိုက်၊ နံရံကပ် စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့်အသိ ပညာပေးဟောပြောပွဲကို ကွင်း ဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင် က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင် ရေး အသိပညာပေးဟောပြော ဆွေးနွေးသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်သူ ဇာစိုးက ကလေးအလုပ်သမား ပပျောက်ရေးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေး ကာ၊ ဒုတိယဦးစီးမှူး ဒေါ်ဇင်ယု ခိုင်က လူငယ်နှင့်မူးယစ်ဆေး အကြောင်းအရာတို့အား အသိ ပညာပေးဟောပြော ဆွေးနွေး သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု နှင့် တရားမဝင်ရောင်းဝယ်မှုတိုက် ဖျက်ရေးနေ့ အထိမ်းအမှတ်လက် ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင် များနှင့် သုတ၊ ရသစာအုပ်စာစောင် များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာ ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၈၁)**

မျက်စိလှူကြ
မျက်ကြည်ရ၊
မြတ်သည့်
လှူဒါန။





## မန္တလေး၊ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၄**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓ ဘာသာဘုရားကျောင်း ဂေါပက အဖွဲ့ကဦးစီး၍ မန္တလေးမြို့ ကချင် ပြည်နယ်သာရေးနာရေးအသင်းက ဇကေဒသမအကြိမ်မြောက်(တတိယ ပတ်)စုပေါင်းဘုံဆွမ်းလောင်းလှူ ပွဲကို ဩဂုတ် ၃ ရက် နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူ ပွဲတွင် မစိုးရိမ်တိုက်သစ်မှ သံဃာတော်အရှင်သူမြတ် အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပက အဖွဲ့တာဝန်ရှိသူများနှင့် မန္တလေး မြို့၊ ကချင်ပြည်နယ်၊ သာရေး နာရေးအသင်းက ဆွမ်း၊ ဆွမ်း ဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ် လောင်းလှူကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၉၃)**


# မြတ်ဗုဒ္ဓသာသနာတော် နှစ် ၅၀၀၀ ကျော် တည်ပါစေသောဝ်

ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး၏ မန္တလေးရွှေမြို့တော်ကြီးတွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စကျင်ရွာရှိ၊ စကျင်တောင်မှထွက်ရှိသော စကျင်ကျောက်ကို အသုံးပြုပြီး ဗုဒ္ဓရုပ်ပွားကျောက်ဆင်းတုတော်၊ ကျောက်စာချပ်များ အများဆုံး တွေ့မြင်ကြရပါသည်။

မြန်မာနိုင်ငံအတွင်း ကြီးမားလှသော စကျင်ကျောက်ဆင်းတုတော်ကြီးများထဲတွင် မန္တလေးတောင်ခြေ၌ရှိသော မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားသည်လည်း အကြီးမားဆုံးကျောက်ဆင်းတုတော်များစာရင်းတွင် စာရင်းဝင်ခဲ့ပါသည်။ ဘဝရှင်မင်းတုန်းမင်းသည် ထီးနန်းရရှိပြီး ၁၂ နှစ်ကြာတွင် သက္ကရာဇ် ၁၂၂၆ ခုနှစ်၌ မတ္တရာမြို့နယ် စကျင်တောင်ခြေတွင်ပင် ပုံကြမ်းထုဆစ်စေခဲ့ပြီး မန္တလေးရောက်အောင် လူအင်အား ၁၂၀၀၀ ကျော်တို့ဖြင့် ကုတ်အား၊ တွန်းအားများဖြင့် ရွှေ့လျားစေသောနည်းကိုသုံးပြီး ခဲယဉ်းပင်ပန်းစွာ မြစ်ဆိပ်ထိ သယ်ယူခဲ့ရပါသည်။ (သက္ကရာဇ် ၁၂၂၆ ခုနှစ်သည် မြို့နန်းတည်ပြီး ၅ နှစ်ကြာဖြစ်သည်)

ပုံကြမ်းထုဆစ်ပုံဖော်ပြီးနောက် ဝါခေါင်လ ဧရာဝတီမြစ်ရေများချိန်တွင် စကျင်တောင်ခြေရှိ အင်းရေပြင်နှင့် ချောင်းမကြီးကို မြောင်း တူးဖောက်ဆက်သွယ်ကာ၊ ဧရာဝတီမြစ်အတွင်းရောက်အောင် ဆွဲယူပြီး မြန်နန်းစကြာ မီးသင်္ဘောနှင့် မန္တလေးမြို့ မင်းတဲအီကင်းဆိပ်ရောက်သည်အထိ ခမ်းနားစွာ ပင့်ဆောင်ခဲ့ပါသည်။ ကြီးကြပ်ထုလုပ်သူများမှာ မြတောင်မြို့စားဝန်ကြီးနှင့် လောင်းရှည်မြို့စားဝန်ကြီးတို့ဖြစ်ကြပြီး ကြီးကြပ်စီမံကာ ပင့်ဆောင်ခဲ့သူမှာ အိမ်ရှေ့စံကနောင်မင်းဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂



ရက်တွင် ပလ္လင်တော်ပေါ်သို့ ရောက်ရှိခဲ့သည်။ ၁၂၂၇ ခုနှစ်ကဆုန်လဆန်း ၇ ရက်တွင် ဘဝရှင်မင်းတုန်းမင်းကြီးကိုယ်တိုင်ကျောက်တော်ကြီးဘုရားဖူးရန် ဝင်းခင်းကာ ထွက်တော်မူပြီးရွှေစုတ်တော်ဖြင့် မျက်ခုံး၊ မျက်ရေးတို့ကို ရေးခြယ်မျက်နှာတော်ဖွင့်ပြီး မဟာသကျမာရဇိန် ကဗ္ဗည်းတင်တော်မူခဲ့သည်။ မြန်မာပန်းတမော့ ကျောက်ဆစ်အကျော်အမော်တို့ ထုဆစ်ခဲ့ကြသော စကျင်ကျောက်ရုပ်ပွားတော်ကြီးသည် ဒူးခွင် ၁၈ ပေ၊ ဥဏှာတော် ၂၆ ၁/၂ ပေရှိပြီး၊ အလေးချိန်တန် ၉၀၀ ရှိကြောင်း သိရှိရသည်။ ကျောက်တော်ကြီးဘုရား ရုပ်ပွားတော်ကြီးကို ထုဆစ်ခဲ့ကြသော ပန်းတမော့ကျောက်ဆစ်ပညာရှင်ကြီးများမှာ မင်းတုန်းမင်းလက်ထက်တွင် နာမည်ကျော်ကြားသော သုဒ္ဓေါဓနဘွဲ့ရရှိခဲ့သူ အင်းဝလေးထောင့်ဝဲဆရာကြီး ဦးရောက်နှင့် ဘုရားဆင်းတုအထုကောင်းသူ ကင်းစားမင်းကြီး ဦးရောက်ဆိုသူလည်း ပါဝင်ခဲ့သည်။ နာမည်တူဆရာကြီးနှစ်ဦးနှင့်အတူ တပည့်ဖြစ်သူ မင်းသား ဦးလတ်ဆိုသူလည်း ပါဝင်ခဲ့သည်။ ဤသည်မှာ ရှေးခေတ်ပန်းတမော့ပညာရှင်ကြီးများ ရှိခဲ့ကြောင်း ဖော်ပြခြင်းဖြစ်ပေသည်။ မင်းသား ဦးလတ်သည် အင်းဝလေးထောင့်ဝဲဆရာကြီး ဦးရောက်၏ တပည့်ဖြစ်သည်။

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံကို ရေးထိုးထားသော ကျောက်စာချပ်ရေ ၇၂၉ ချပ်ကို မန္တလေးတောင်ခြေ လောကမာရဇိန်(ကုသိုလ်တော်)ဘုရားစေတီတော် မဟာရံတံတိုင်းအတွင်း၌ ကျောက်စာတစ်ချပ်လျှင် အုတ်ပြာသာဒ်တစ်ဆောင်စီနှင့် တည်ဆောက်ထားရှိသဖြင့် ကျောက်စာရုံစေတီ(သို့မဟုတ်)ဓမ္မစေတီ ခေါ်ဆိုကြပေသည်။

မတ္တရာမြို့နယ် စကျင်ရွာတွင်ရှိသော ကျောက်တောင်ကြီးကို စကျင်တောင်ဟု ခေါ်ကြသည်။ ထိုတောင်မှ ထွက်ရှိသော ကျောက်သားများသည် ဖလိကသဒ္ဒါဟော ကျောက်သလင်း(စကျင်ကျောက်) အမျိုးအစားဖြစ်ပေသည်။

ယနေ့ခေတ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်ထားသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးကို မြန်မာနိုင်ငံအရပ်ရပ် ဒေသအသီးသီးမှ ဘုရားဖူးလာကြကုန်သော ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်မှု များခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအကြီးအကဲ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဦးဆောင်ဘုရားဒါယကာအဖြစ် ဆောင်ရွက်ခဲ့သော မာရဝိဇယရုပ်ပွားတော်မြတ်သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပင် ဖြစ်ပေသည်။ ရုပ်ပွားတော်ကြီးကို တည်ထားရာတွင် စကျင်ကျောက်တော်ကြီး တူးဖော်ခဲ့မှု၊ နေပြည်တော်သို့ ပင့်ဆောင်ခဲ့မှု၊ ပလ္လင်တော်နှင့် ကိုယ်ထည်အပိုင်းလိုက်ဖက်အောင် အချိုးယူတွက်ချက်၍ ထုဆစ်ခြင်း၊ တွဲဆက်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည်။ ခေတ်မီစက်ကိရိယာများ၊ နည်းပညာသစ်များဖြင့် တပ်မတော်အင်ဂျင်နီယာများမှ ကျွမ်းကျင်ပိုင်နိုင်စွာ တွက်ချက်၍ စနစ်မှန်အချိုးကျသော ဘူမိဖဿမုဒြာဟန် ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် ဖူးတွေ့ရသည်။

မဟာပထဝီမြေကြီးကို သက်သေတည်ပြု လက်တော်နှင့်ထိထားသော ဘူမိဖဿမုဒြာဟန် မာရဝိဇယရုပ်ပွားတော်ကြီးကို ဘာသာ၊ သာသနာထုံး၊ ရှေးရိုးထုံးစံလက်မှုပညာ၊ ရိုးရာလေ့ယဉ်ကျေးမှုအနုပညာ စံနှုန်းများအတိုင်း နည်းမှန်လမ်းမှန်၊ စနစ်မှန်စေရန် မြတ်စွာဘုရား၏ ၃၂ ပါးသော လက္ခဏာတော်ကြီးနှင့် ၈၀ သော လက္ခဏာတော်ငယ်များတို့နှင့် ကိုက်ညီအောင် လေ့လာ၍ ထုဆစ်ပုံဖော်ထားသည်ကို တွေ့ရသည်။

ထို့ကြောင့်ပင် မာရဝိဇယရုပ်ပွားတော်ကြီးသည် ကမ္ဘာ့အံ့ဖွယ်ရာ ကျောက်ဆစ်ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် ဂုဏ်ယူဖွယ်ရာဖြစ်ရသည်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးဟူသည့် အမည်နာမသည် "မာရ်နတ်မင်း၏ အနောက်အယှက် ရန်စွယ်အန္တရာယ်အပေါင်းကို အထူးအောင်မြင်တော်မူသော မြတ်စွာဘုရား"ဟု အဓိပ္ပာယ်ဖော်ဆောင်ပါသည်။

မာရဝိဇယရုပ်ပွားတော်ကြီး၏ ပလ္လင်တော်ကို အပိုင်းငါးပိုင်း တွဲစပ်ပြုလုပ်သည်။ ရုပ်ပွားတော်ကြီး ကိုယ်ထည်အပိုင်းတွင်လည်း စကျင်ကျောက်တော်ကြီး လေးပိုင်းဖြင့် တွဲစပ်ထုဆစ်ထားသည်။



ခေတ်မီစက်ကိရိယာများ အသုံးပြုထုဆစ်ပုံဖော်ထားပြီး ကြီးမားသော ပင်မကိုယ်ထည်ပိုင်းများကိုလည်း သံမဏိ၊ သံပေါင်ကြီးများ၊ ဝန်ချီစက်ကြီးများ အသုံးပြု၍ တစ်ဆင့်ပြီးတစ်ဆင့် ပလ္လင်ပေါ်သို့ "မ"ချီတင်ယူခဲ့ရပေသည်။ ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဥဏှာတော်အမြင့် ၆၃ ပေ၊ စုစုပေါင်း ၈၁ ပေအမြင့်ရှိပေသည်။

ရှေးခေတ်များက စကျင်ကျောက်တုံးကြီးများကို ထွင်းနှုတ်ရိုက်ဖဲ့ ထုဆစ်ပုံဖော်ကြရသည်မှာ ခဲယဉ်းပင်ပန်းလက်ဝင်လှသည်။ မန္တလေး၊ အင်းဝ၊ စစ်ကိုင်း၊ အမရပူရ စသောမြို့နယ်များတွင် အင်းဝခေတ်၊ အမရပူရခေတ်၊ ရတနာပုံခေတ် အစရှိသော ရှေးခေတ်ပန်းတမော့ ပညာရပ်အတတ်ဖြင့် ကျောက်ဆစ်ပညာရှင်များ၏ ကျောက်ဆစ်လက်ရာများရှိနေကြောင်း လေ့လာတွေ့မြင်ရပါသည်။

ယနေ့ခေတ်တွင် ရန်ကုန်၊ အင်းစိန်၊ မင်းဓမ္မကုန်းတော်ပေါ်ရှိ အဘယလာဘမုနိကျောက်ဆင်းတုတော်ကြီး၊ ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ(ပြည်ချစ်ဘုရား) ကျောက်ဆင်းတုတော်ကြီးတို့ကိုလည်း ခေတ်သစ်လက်ရာများအနေနှင့် ဖူးမြော်နေကြရပြီဖြစ်ပေသည်။

ကျောက်ဆစ်ပညာ၏ အခက်အခဲမှာ ကျောက်သားခိုင်ခံ့မှုကို တွက်ဆချင့်ချိန်ရသည်။ စကျင်ကျောက်ရုပ်တု(သို့မဟုတ်) ကျောက်ဆင်းတုတော်တစ်ဆူ ထုဆစ်ကြရာတွင် အလေးချိန်နှင့် ဟန်ချက်ညီစေရန် ထိန်းရသည်။ ပြီးစီးခါနီးတွင် မကျိုးမပဲ့အောင် အထူးဂရုစိုက် သတိထားလုပ်ကိုင်ကြရသည်။ ယနေ့ခေတ်တွင် လုပ်ငန်းသုံးစက်ကိရိယာများ အသုံးပြုလုပ်ကိုင်ကြရာတွင် စူး၊ ဆို့၊ လက်ကိုင်စက်၊ မော်တာ၊ ဂန်းစက်၊ စိန်သွား၊ စိန်ဘီး၊ မှုတ်စာ၊ ဖြတ်စက် အစရှိသော စက်များပေါ်ပေါက်လာခဲ့ပြီ ဖြစ်သောကြောင့် လုပ်ငန်းတွင်ကျယ်မှု ပြီးစီးမြန်ဆန်လာခဲ့သော်လည်း ရှေးခေတ်က ကျောက်ဆစ်ပန်းတမော့ပညာရှင်တို့ လုပ်ကိုင်ခဲ့ကြသော လုပ်ရိုးလုပ်စဉ် နည်းနာနိဿယ နည်းစနစ်များအတိုင်း စံနမူနာယူ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။ ရှေးဆရာကြီးများ၏ လက်ရာများအတိုင်း အချိုးကျကျ လှလှပပ ကျောက်ဆစ်လက်ရာများ ထွက်ရှိနေစေရန်လည်း ခေတ်လူငယ်တို့ ဆန်းသစ်တီထွင်မှုများဖြင့် ကြိုးစားလုပ်ဆောင်ကြ ပေဦးမည်ဖြစ်သည်။

**ကျောက်ဆစ်ပန်းတမော့ပညာရှင်များအား လေးစားလျက်**

**ဦးနေဝင်း**
**ပန္နလ(ကြေးသွန်း)**



## မိုးနှောင်းချည်မျှင်ရှည်ဝါ မျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းနှင့် ပညာပေးဆွေးနွေးပွဲ ကျင်းပ

**သရက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးနှောင်းချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းနှင့် Grade-A အဆင့်မီဝါဂွမ်းရရှိရေး၊ F2 ဝါမျိုးစေ့များထုတ်လုပ်ရောင်းချမှုမရှိစေရေး ပညာပေးဆွေးနွေးပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ရာ သရက်မြို့နယ်အတွင်းမှ ဝါကြိတ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဝါစိုက်တောင်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်တွင်းချည်မျှင်နှင့် အထည်စက်ရုံများအတွက်လိုအပ်သော Grade-A ဝါများရရှိရေးနှင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဝါစိုက်တောင်သူများ၊ ဝါဝယ်ယူလုပ်ကိုင်သူများ၊ ဝါဝယ်ယူရောင်းချသူများသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သူများဖြစ်ပါကြောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးမှ Grade-A ရရှိဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ Grade-A ဝါရရှိရေးအတွက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ဝါစိုက်တောင်သူများအား အဖွဲ့ဝင်(၂)နှင့် တာဝန်ရှိသူများက ဝါမျိုးစေ့များထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက Grade-A အဆင့်မီဝါဂွမ်းရရှိရေး ဆောင်ရွက်ရမည့်အခြေအနေများအား ရှင်းလင်းပြီး တက်ရောက်လာကြသော ဝါကြိတ်လုပ်ငန်းရှင်၊ ဝါဝယ်လုပ်ငန်းရှင်နှင့် ဝါစိုက်တောင်သူများ၏ ဆွေးနွေးမှုများအား ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**

## ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ သန့်ရှင်းသာယာလှပရေး စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်း

**ညောင်ဦး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဩဂုတ် ၃ ရက် နံနက်ပိုင်းက ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းဘေး ဝဲ၊ ယာရှိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခြင်းကို 'ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေရှင်းကြစို့' ဟူသောဆောင်ပုဒ်နှင့်အညီ Bagan Plastic Campaign အဖွဲ့၏ ဦးဆောင်မှုဖြင့် အပတ်စဉ်(စနေနေ့တိုင်း)အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းက Bagan Plastic Campaign အဖွဲ့ဝင်များ စုပေါင်းအဖွဲ့က ညောင်ဦး-ကျောက်ပန်းတောင်းသွားကားလမ်း တုရင်တောင်ဘုရားလမ်းခွဲမှ တောင်ဘကျေးရွာလမ်းခွဲအထိ လမ်းဘေးဝဲ၊ ယာ တစ်လျှောက်ရှိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျကောက်ယူရှင်းလင်းခြင်း ဆောင်ရွက်ခဲ့သည်။



ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား သန့်ရှင်းသာယာလှပစေရန်နှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာဖူးမြော်ကြည်ညိုနိုင်ရန်၊ ပြည်သူများ ပလတ်စတစ်အမှိုက်များ စွန့်ပစ်ရာ၌ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျ အမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ အများပြည်သူသွားလာသော ကားလမ်းမကြီးဘေး ဝဲ၊ ယာများနှင့် မြို့အဝင်၊ အထွက်နေရာများရှိ စည်းကမ်းမဲ့ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို ကောက်ယူရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(၄၄၅)**

## မိုးစပါးစိုက်ပျိုးချိန်တွင် နေ့စားအလုပ်သမားများ အဆင်ပြေလျက်ရှိ

**မောက်မယ် ဩဂုတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးချိန်ကာလတွင် လယ်ယာစိုက်ပျိုးခြင်း၊ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် ဒေသတစ်ခုဖြစ်ရာ နေ့စားအလုပ်သမားများ တွက်ခြေကိုက်နေကြောင်း လယ်စိုက်တောင်သူများထံက သိရသည်။

ယခုနှစ် မိုးရာသီစပါးစိုက်ပျိုးချိန်တွင် စက်သုံးဆီနှင့် ဓာတ်မြေဩဇာ ဈေးနှုန်းများမြင့်မားနေသည်က တစ်ကြောင်း၊ လယ်ယာမြေတချို့မှာ စိုက်ပျိုးပြီးစီးနေပြီဖြစ်သော်လည်း တချို့တောင်သူများ၏ လယ်ယာမြေများမှာ စိုက်ပျိုးနေဆဲဖြစ်ပြီး စိုက်ပျိုးရန်ကျန်ရှိသော လယ်ယာမြေအနည်းငယ်သာရှိတော့ကြောင်း၊ တောင်သူအများစုမှာ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်သုံးစွဲနိုင်ခြင်းမရှိသေးသဖြင့် ၎င်းရမ်းသုံးစွဲနေရ၍ အချိန်ကြန့်ကြာခြင်း၊ အလုပ်သမားနေ့စားအငှားခလည်း ယခင်နှစ်များတွင် ၈ နာရီ တစ်ရက်လျှင် ငွေကျပ် ၁၀၀၀၀ ငှားရပြီး ယခုနှစ်တွင် အလုပ်သမားနေ့စားငှားခသည် နာရီဖြင့် နေ့စားလိုက်ကြသည့် အလုပ်သမားများဖြစ်ရာ တစ်နာရီလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ကောက်စိုက်သမနေ့စား အလုပ်သမားအနေဖြင့် ဝင်ရောက်အငှားလိုက်ကြပြီး အလုပ်လုပ်ကြကြောင်း လယ်စိုက်တောင်သူများထံက သိရသည်။

မောက်မယ်မြို့နယ်အတွင်း၌ လယ်စပါး၊ တောင်ယာစပါး၊ ပဲပုပ်၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ စသည့် သီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြပြီး ဥယျာဉ်ခြံများတွင် ရောက်ချိုသီး၊ လိမ္မော်သီး၊ သရက်၊ လိုင်ချီးသီး၊ သံပရာသီး စသည့် သီးနှံများလည်းစိုက်ပျိုးကြကြောင်း တောင်သူများထံက သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



## မန္တလေးဈေးကွက်အတွင်း မြန်မာထွက်ကုန်စားတော်ပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဩဂုတ် ၄**

ယခုလအတွင်း မြန်မာထွက်ကုန် စားတော်ပဲများ မန္တလေးဈေးကွက်သို့ နယ်စုံမှဝင်ရောက်လာကာ ပြည်တွင်းဝယ်လိုအားကြောင့် အရောင်းအဝယ်များကောင်းနေကြောင်း မန္တလေးပဲကုန်သည်များထံက သိရသည်။

အဆိုပါ စားတော်ပဲများကို ယခုချိန်တွင် နယ်စုံဒေသတို့မှ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြောင်း၊ ယင်းစားတော်ပဲဈေးနှုန်းသည် ယခုလက်ရှိချိန်တွင် စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ စားတော်(အလုံးကြီး)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ဈေးနှုန်းတို့ဖြင့် ပေါက်ဈေးရှိနေပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များကောင်းနေကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင် တစ်ဦးက ပြောသည်။

'ယခုရက်ပိုင်း ဈေးကွက်ထဲမှာ စားတော်ပဲတွေ ဈေးကောင်းရရှိနေပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီနှစ် စားတော်ပဲဟာဆိုရင် အလုံးအဖန်တွေကောင်းကာ အရည်အသွေးကောင်းမွန်ကြပါတယ်။ အထွက်နှုန်းလည်း ကောင်းသလို ဈေးကောင်းတွေလည်း ရရှိနေပြီး ဒီနှစ်မှာတော့ တောင်သူတွေအနေနဲ့ အကျိုးအမြတ် ရရှိနေကြပါတယ်။ လက်ရှိချိန်မှာ စားတော်ပဲက ပြည်တွင်းစားသုံးမှုအနေနဲ့လည်း အဝယ်လိုက်နေတယ်။ ဈေးကွက်ထဲမှာ စားတော်ပဲလက်ကျန်တွေ နည်းနေပါတယ်။ စားတော်ပဲဟာ မြန်မာလူမျိုးတွေ ကြိုက်နှစ်သက်ဆုံးပဲ ဖြစ်တယ်။ စားတော်ပဲကို တစ်နှစ်မှာတစ်ရာသီပဲ ဆောင်းသီးနှံအနေနဲ့ စိုက်ပျိုးလို့ရပါတယ်။ အရောင်းအဝယ်တွေကောင်းတာကြောင့် ဈေးကလည်း အလားအလာကောင်းတယ်။ စိုက်ပျိုးသူတွေအနေနဲ့ အဆင်ပြေတဲ့နှစ်လို့ ပြော လို့ရပါတယ်' ဟု ၎င်းက ရှင်းပြသည်။



အဆိုပါစားတော်ပဲကို မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသများတွင် အဓိကထားပြီး စိုက်ပျိုးကြကြောင်း၊ စားတော်ပဲကို အထူးစိုက်ပျိုးကြသည့် ဒေသများမှာ ကလေး၊ ကလေးမြို့၊ ကျွန်းလှ၊ ရေဦး၊ ရွှေဘိုနယ်တို့တွင် စိုက်ပျိုးကြကြောင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း စားတော်ပဲကို အနည်းငယ် စိုက်ပျိုးကြကြောင်း သိရသည်။

**(ဝဲပုံ)(၀၃၄)**

*-*-*-*-*

## ဂျုံဈေးကွက်ကောင်းမွန်နေသောကြောင့် လာမည့်ဆောင်းစိုက်ရာသီတွင် တိုးချဲ့စိုက်ပျိုးသင့်

ပြည်တွင်းဂျုံဈေးကွက် ကောင်းမွန်နေသောကြောင့် လာမည့်ဆောင်းစိုက်ရာသီတွင် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ကုန်သည်များထံက သိရသည်။

ပြည်တွင်းဂျုံဈေးကွက်မှာ ၂၀၂၂ ခုနှစ်ကတည်းက နိုင်ငံခြားမှတင်သွင်းမှုလျှော့ချထားသည့်နောက်ပိုင်း ဈေးမြင့်တက်လာခြင်းဖြစ်သည်။

၂၀၂၀ ခုနှစ် ကိုဗစ်ကာလအတွင်းက ဈေးကွက်ကျဆင်းမှုများရှိခဲ့သော်လည်း ၂၀၂၂-၂၀၂၃ ခုနှစ်များတွင် ပြည်တွင်းမုန့်လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာကာ ဂျုံဈေးကွက်လည်း ပြန်ကောင်းမွန်လာခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဂျုံစက်ငယ်များ လုပ်ကိုင်နိုင်ခြင်းမရှိတော့ဘဲ ဂျုံစက်ကြီးများနှင့် အချို့စက်ငယ်များသာ လည်ပတ်လုပ်ကိုင်နေကြောင်း မန္တလေးဂျုံစက်ပိုင်ရှင်တစ်ဦးက ပြောသည်။

ပြည်တွင်းဂျုံစိုက်ပျိုးမှုကို စစ်ကိုင်းတိုင်းအတွင်း မြင်းမူ၊ ရွှေဘို၊ မြောင်၊ စစ်ကိုင်းဒေသများတွင်အများဆုံးစိုက်ပျိုးပြီး မန္တလေးတိုင်းဒေသကြီးတွင် ငါန်းဇွန်၊ တောင်သာ၊ ကူမဲ၊ ကျောက်ဆည်ဒေသများတွင် ဆောင်းစိုက်သီးနှံအဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။ **(ရွှေမန်း)**




## မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေး

**မိုင်းယောင်း ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇလမင်းထင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်သည် နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းခိုင်တို့နှင့်အတူ မြို့နယ်အတွင်း သစ်တောဦးစီးဌာနမှ Research ပြုလုပ်နိုင်ရေး အကြိုဆွေးနွေးခြင်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် မွန်းလွဲပိုင်းတွင် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ (၅/၂၀၂၄)နှင့် (၆/၂၀၂၄) သင်တန်းများသို့ စေလွှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအသိပညာပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀ ဦးဖြင့် ကျင်းပဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ဟောင်ကြန့်ကျေးရွာအုပ်စု၊ ခိုကဲကျေးရွာ၊ တပ်ဦးကျောင်းတွင် ဩဂုတ် ၅ ရက်မှ ၉ ရက်ထိ ဥပ္ပါသန္တိကျမ်းမြတ် အသံမစဲရွတ်ဖတ်ပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၊ အုံတုံကျေးရွာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်က အုံတုံကျေးရွာ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ရှင်းလင်းပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်သန်းတို့က သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးမျိုးလွင်က သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့် နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများစသည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းခဲ့ရာ တက်ရောက်လာသူများမှ သန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလာမှုများအား ပြန်လည်ဖြေကြားခဲ့သည်။ ၎င်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ရှင်းလင်းပွဲကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်မြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ အုံတုံကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**(၄၆၉)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ပွင့်ဖြူမြို့နယ် စည်ပင်သာယာဈေးများတွင် သား၊ ငါးဈေးသည်များ သတ်မှတ်ဈေးနှုန်းအတိုင်းရောင်းချရန် နေ့စဉ်ကြပ်မတ် စစ်ဆေး

**ပွင့်ဖြူ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဒေသခံပြည်သူများ သား၊ ငါး ဝယ်ယူစားသုံးမှု အဆင်ပြေစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်းရှိ ပွင့်ဖြူမြို့မဈေး အပါအဝင် ကျေးလက်စည်ပင်သာယာဈေးလေးခုတွင် (ဝက်၊ အမဲ၊ ဆိတ်) ရောင်းချသည့် ဈေးသည်များ သား၊ ငါးများ ရောင်းချရာ၌ ဈေးနှုန်းမြှင့်တင်ရောင်းချမှု မရှိစေရေး သတ်မှတ်ဈေးနှုန်းများအတိုင်း စနစ်တကျ ရောင်းချရန် နေ့စဉ် ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သား၊ ငါး ဈေးဆိုင်ခန်းများအလိုက် ဒေသခံပြည်သူများထံ သား၊ ငါးများ ရောင်းချရာ၌ သတ်မှတ်ထားရှိသည့် ဈေးနှုန်းများအတိုင်း ရောင်းချပေးခြင်း ရှိ၊ မရှိ၊ သန့်ရှင်းလတ်ဆတ်မှု ရှိ၊ မရှိ၊ အလေးချိန်ခွင် မှန်ကန်မှု ရှိ၊ မရှိနှင့် အရိုး၊ အသား၊ အဆီ၊ အရွတ်များ ရောနှော၍ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းကို ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့မဈေး၊ ကုန်းဇောင်းဈေးနှင့် ရောက်တောဈေးသို့ သွားရောက်၍ စားသုံးသူပြည်သူလူထု အစားအစာဘေးကင်းလုံခြုံရေးအတွက် ရောင်းချပေးနေသည့် သား၊ ငါးများ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ ဈေးဆိုင်ခန်းဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိရေး၊ နေ့စဉ် ဈေးရောင်းပြီးချိန်တိုင်း ဈေးဆိုင်ဝန်းကျင် သန့်ရှင်းရေးမပြတ်ဆောင်ရွက်ရန်နှင့် သတ်မှတ်ထားရှိသည့် ဈေးစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ရန် ဈေးသူ၊ ဈေးသားများကို ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံပြည်သူလူထုစားသောက်ရေး အဆင်ပြေစေရန်နှင့် သား၊ ငါးများ ဝယ်ယူစားသုံးရာ၌ သက်သာသော ဈေးနှုန်းဖြင့် တစ်ပြေးညီ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့မဈေး အပါအဝင် ကုန်းဇောင်းကျေးရွာ၊ ရောက်တောကျေးရွာ၊ ကျောင်းတော်ရာကျေးရွာနှင့် လယ်ကိုင်းကျေးရွာရှိ ကျေးလက်စည်ပင်သာယာ ဈေးလေးခုတွင် ဖွင့်လှစ်ရောင်းချနေသည့် (ဝက်၊ အမဲ၊ ဆိတ်)လိုင်စင်စီရယူ ဆောင်ရွက်လုပ်ကိုင်နေသော ဈေးသည်များကို ကာလသတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချရန် ဗီနိုင်းဆိုင်းဘုတ်များချိတ်၍ အသိပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်း သတ်မှတ်ဈေးနှုန်းများကို ကျော်လွန်၍ ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ၊ မရှိနှင့် အရိုး၊ အသား၊ အဆီ၊အရွတ်များ ရောနှော၍ ရောင်းချခြင်း ရှိ၊ မရှိ အလေးချိန်ခွင် မှန်ကန်မှု ရှိ၊ မရှိ တို့ကို သက်ဆိုင်ရာ ဈေးများအလိုက် ဈေးတာဝန်ကျဝန်ထမ်းများနှင့် ဈေးကော်မတီအဖွဲ့ဝင်များက နေ့စဉ်ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်ထံမှ သိရသည်။ **(ယာပုံ)**

**(၄၄၅)**



## ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့/ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များ သိမ်းဆည်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက် နံနက် ၇ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းနှင့် ပတ်ဝန်းကျင်တွင် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**



အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမ ၃၆၅ ဦးခန့်ဖြင့် ကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာအမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန်(Export)တိုးမြှင့်နိုင်ရန်လို...

❖ ထိုသို့ဆောင်ရွက်နိုင်ရန် ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...

❖ Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်မြို့နယ်များသို့ လှည့်လည်ကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးထောက်ပံ့

နေပြည်တော် ဩဂုတ် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့ နံနက်ပိုင်းတွင် သာပေါင်းမြို့သို့ သွားရောက်ပြီး အမှတ်(၃)ရပ်ကွက် ဝိသုဒ္ဓါရာမ မြို့မမင်းကျောင်း ဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်း၌ သာပေါင်းမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၈ ခုမှ ဘေးသင့်ပြည်သူ ၈၉၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၀၄၆၀၀၀ နှင့် မြို့ပေါ်ရေဘေးရှောင်စခန်းများမှ ဘေးသင့်ပြည်သူ ၂၅၄ ဦးအတွက် ကြက်ဥ ၁၀၁၆ လုံးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်၍ ဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို အထူးဂရုပြု နေထိုင်ကြရန်တို့ကို မှာကြားပြီး မြို့မမင်းကျောင်း ဆရာတော်အား ဖူးမြော်၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ယင်းနောက် ပုသိမ်မြို့ သမိုင်းဝင်တာဝတိံသာ ဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်း၌ မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၇ ခုမှ ဘေးသင့်ပြည်သူ ၉၉၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ်၈၉၄၆၀၀၀နှင့် မြို့ပေါ်ရေဘေးရှောင်စခန်းမှ ဘေးသင့်ပြည်သူ ၁၅၂ ဦးအတွက် ကြက်ဥ ၆၀၈ လုံးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး နေ့စဉ်လူနေမှုဘဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကို မေးမြန်းအားပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေပုသိမ်ဧည့်ရိပ်သာ၌ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်များအတွင်းရှိအခြားသောရေဘေးရှောင်စခန်းများရှိရေဘေးသင့်ပြည်သူများသို့ ထပ်မံထောက်ပံ့ရန် ဆန်ရိက္ခာဖိုးငွေကျပ် ၅၈၉၅၉၀၀၀ နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများအား နိုင်ငံတော်အကြီးအကဲ၏ အစီအမံဖြင့် ထောက်ပံ့သည့် ငွေကျပ် ၁၅၂၀၀၀၀ တန်ဖိုးရှိ Smart ကျား/မ ရုပ်အင်္ကျီအထည် ၁၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်သို့ လွှဲပြောင်းပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ သာသနဉ္ဇမာန်သိမ်တော်ကြီးသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၄၁ ခုမှ ဘေးသင့်ပြည်သူ ၆၉၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၂၈၂၀၀၀ နှင့် ကြက်ဥ ၂၇၉၂ လုံးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး နှစ်စဉ်တွေ့ကြုံခံစားနေရသော ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ နောင်နှစ်များတွင် ခံစားရမှုလျော့နည်းသက်သာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု၊ စေတနာရှင်များ စသည်ဖြင့် အားလုံးပိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သော ရပ်ရွာလူထုများဖြစ်ပေါ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှုများကို ရှင်းလင်းပြောကြားကာ လိုအပ်သည်များမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခု ၂၀၂၄ ခုနှစ် မုတ်သုံကာလ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ်သိန်း ၁၅၀၀ ကျော်နှင့် နေရပ်စွန့်ခွာပြည်သူများအတွက် ငွေကျပ်သိန်း ၁၅၀ ကျော်တို့ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ တစ်ဖက် နှစ်ဂိုးစီနှင့် သရေရလဒ်ထွက်ပေါ်ခဲ့

မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်-၅ အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့၏ ပွဲစဉ်ကို ဩဂုတ် ၄ ရက် ညနေက တောင်ကြီး အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီနှင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်း အကောင်းဆုံးပုံစံနှင့် ပွဲထွက်ကစားလာခဲ့ပြီး ပွဲချိန် ၁၄ မိနစ်တွင် ရန်နိုင်ဦး ဂိုးကန်သွင်းရန် ကြိုးစားရာမှ တိုင်ထိပြန်ထွက်လာသည့် ဘောလုံးကို ဥက္ကာနိုင်က ခေါင်းတိုက်သွင်းရန် ကြိုးစားသော်လည်း ဂိုးသမားပုတ်ထုတ်ခဲ့သည်။ ဆက်တိုက်ပင် ပြန်လျှံထွက်လာသည့် ဘောလုံးကို ကောင်းစည်သူက အနီးကပ်ခေါင်းတိုက်သွင်းယူခဲ့ပြီး ရန်ကုန်အသင်းဦးဆောင်ဂိုး ရရှိခဲ့သည်။ ဆက်လက်ပြီး ရန်ကုန်အသင်း ဆက်တိုက် တိုက်စစ်ဆင်ကစားခဲ့ကာ ပွဲချိန် ၂၆ မိနစ်တွင် ရရှိသည့် ပြစ်ဒဏ်ဘောကို ရန်နိုင်ဦးကန်တင်ရာမှ ပြန်လျှံထွက်လာသည့် ဘောလုံးကို ကျော်ဖြိုးဝေက ညာခြမ်းကနေ ကန်သွင်းယူပေးခဲ့ပြီး ပထမပိုင်းကို ၂-၀ ဂိုးအသာနှင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်း အကောင်းဆုံး အပြန်အလှန်တိုက်စစ်ဆင်မှုများနှင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ပြီး ရှမ်းအသင်းအတွက် ချေပဂိုးကို ၄၇ မိနစ်နှင့် ၆၉ မိနစ်တို့တွင် မက်ဆာကီက ပြန်လည်သွင်းယူခဲ့ကာ ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီနှင့် ရမှတ်ခွဲယူခဲ့ကြသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၅ ပွဲကစား၊ ၃ ပွဲနိုင်၊ ၂ ပွဲသရေ၊ ရမှတ် ၁၁ မှတ် ရရှိထားပြီး လာမည့် ဩဂုတ် ၁၁ ရက်နေ့၊ သုဝဏ္ဏကွင်းတွင် ရတနာပုံအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

(NGB)

